# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ(၆၆)၊ အမှတ်(၀၂၁)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိပ္ပွန်ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က လာရောက်ဂါရဝပြုတွေ့ဆုံ

### မြန်မာနိုင်ငံ၌ လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ရေးအတွက် နိပ္ပွန်ဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ရုံးတော် ဧည့်ခန်းမ၌လာရောက်ဂါရဝပြု တွေ့ဆုံသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက် လျှောက်လှမ်းလျက်ရှိမှုနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိပ္ပွန်ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီကြိုးပမ်း ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ရေးအတွက် နိပ္ပွန်ဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**

**ကျောင်းသား ကျောင်းသူများ နိုင်ငံချစ်စိတ်ရှိလာစေရေး၊ လောကနီတိများအား သိရှိနားလည်လာစေရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်ရရှိလာစေရေး တို့အတွက် အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိ**


လွှတ်တော်ရေးရာ စာ ၄


**ခြောက်သွေ့ရာသီရောက်လာပြီ၊ Fire Hotspot နှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ဖို့ ကြိုတင်ပြင်ဆင် ဆောင်ရွက်စို့**


ဆောင်းပါး စာ ၆


**လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်**

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးကမ်းခြေတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ယာဉ်များအတွက် ဓာတ်ငွေ့လုံလောက်စွာ ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၀

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေစေရန်အတွက် “က” ကုန်စည်ယာဉ် ၁၂၇၅ စီး၊ “ခ” ခရီးသည်တင်ယာဉ် YBS ၅၅၁၆ စီးနှင့် အခြား ၆၄၂ စီး၊ “ဂ” စင်းလုံးငှား / Taxi ၁၇၉၉၁ စီး ၊ “ဃ” ကြိုပို့ယာဉ် ၁၈၄ စီး၊ “င” ကိုယ်ပိုင်စီးပွားသုံးယာဉ် ၁၁၅၉ စီး၊ ဌာနဆိုင်ရာယာဉ် ၁၉၀ စုစုပေါင်း ၂၆၉၅၇ စီးကို မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ယာဉ်များအဖြစ် မှတ်ပုံတင်ခွင့်ပြုပေးထားပြီး လိုအပ်သောဓာတ်ငွေ့များကို မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ၄၁ ဆိုင်မှ ဓာတ်ငွေ့လုံလောက်စွာ ဖြန့်ဖြူးရောင်းချရန် စီမံထားရှိပြီး


*စာမျက်နှာ ၃ ကော်လံ ၁* ✤






## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ တက္ကသိုလ်များသို့ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၂၀

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူ ၃၆ ဦးနှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်စေလွှတ်ခဲ့ရာ ယမန်နေ့နံနက်ပိုင်းက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ တက္ကသိုလ်များသို့ သွားရောက်လေ့လာကြသည်။


*စာမျက်နှာ ၅ ကော်လံ ၁* ✻

မြန်မာ့အလင်း

## အယ်လ်နီညိုကာလ မီးဘေးအန္တရာယ် လူတိုင်း အလေးဂရုပြုကာကွယ်

ကမ္ဘာတစ်ဝန်း လက်ရှိဖြစ်ပေါ်နေသည့် အယ်လ်နီညိုဖြစ်စဉ်သည် သမိုင်းတစ်လျှောက် အားအကောင်းဆုံးစံချိန်အဖြစ်သို့ ရောက်ရှိနေသည်။ ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် အရှေ့ပိုင်း၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ယခင်အားအကောင်းဆုံးဖြစ်ခဲ့ဖူးသည့် ၂၀၁၅ ခုနှစ် အယ်လ်နီညိုစံချိန်ကို ကျော်လွန်နေပြီး ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း အားအကောင်းဆုံး အယ်လ်နီညိုဖြစ်လာစေရန် ၇၅ ရာခိုင်နှုန်းကျော် သေချာနေသည်ဟု သတင်းများတွင် တွေ့ရသည်။

လက်ရှိ စူပါအယ်လ်နီညိုဖြစ်စဉ်သည် လာမည့် နိုဝင်ဘာ သို့မဟုတ် ဒီဇင်ဘာလအတွင်းတွင် အမြင့်ဆုံး (peak) သို့ရောက်ရှိမည်ဖြစ်သည်။ ဤပြင်းထန်သောအခြေအနေသည် လာမည့်နှစ် နှစ်ဆန်းပိုင်း ဇန်နဝါရီလမှ မတ်လအထိ ၈၃ ရာခိုင်နှုန်းကျော် သေချာပေါက်ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ၂၀၂၇ ခုနှစ် နှစ်လယ်ပိုင်းရောက်မှသာ ပုံမှန်အခြေအနေသို့ ပြန်လည်ကူးပြောင်းနိုင်ခြေရှိသည်ဟုဆိုသည်။ အဆိုပါ အယ်လ်နီညို၏ သက်ရောက်မှုကြောင့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသများတွင် မိုးခေါင်ရေရှားခြင်း၊ ပုံမှန်ထက် အပူချိန် အဆမတန်မြင့်မားခြင်း၊ ဆောင်းရာသီတွင် ရာသီဥတုမအေးဘဲ ပူနွေးနေခြင်းနှင့် မြစ်ရေများစံချိန်တင်ကျဆင်းခြင်းတို့ ကြုံတွေ့နေရသည်။

စူပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများအပေါ် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ လူတိုင်းနှင့်သက်ဆိုင်သည့်အလျောက် အလေးအနက်ထား၍ အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ကြဖို့လိုသည်။ လက်ရှိကာလသည် မိမိတို့နိုင်ငံတွင် ပုံမှန်အားဖြင့် မိုးအကုန် ဆောင်းအကူးကာလဖြစ်သော်လည်း ခြောက်သွေ့ရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မီးလောင်မှု၊ မီးလန့်မှုအန္တရာယ်များကြိုတင်ကာကွယ်ရေးနှင့်အတူ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို အနယ်နယ်အရပ်ရပ်တို့တွင် ဆောင်ရွက်လျက်ရှိကြသည်။

အပူရှိန်မြင့်မားသည့် အယ်လ်နီညိုကာလတွင် ရာသီဥတု ခြောက်သွေ့ပြီး အပူဒဏ်ကြောင့် မီးလောင်လွယ်သည့် အခြေအနေတွင် ရှိနေသည်။ အပူရှိန်မြင့်မားချိန်တွင် လေအေးပေးစက် (Aircon)၊ ရေခဲသေတ္တာနှင့် လျှပ်စစ်ပစ္စည်းများကို အချိန်ကြာမြင့်စွာ ဆက်တိုက်အသုံးပြုခြင်းကြောင့် စက်ပစ္စည်းများအပူလွန်ကဲပြီး မီးလောင်နိုင်သည်ကို သတိပြုကြရန်လိုသည်။ ပလပ်ခုံတစ်ခုတည်းတွင် မီးပူ၊ ရေနွေးအိုး၊ မီးဖို စသည်ဖြင့် ပါဝါမြင့်သော ပစ္စည်းများကို ပြိုင်တူသုံးစွဲမှုမျိုးကိုလည်း ရှောင်ရှားကြရမည်ဖြစ်ပြီး ဖုန်း၊ ပါဝါဘဏ်နှင့် လက်ပ်တော့ပ်တို့ကို ညအိပ်ချိန် သို့မဟုတ် အပြင်သွားချိန်တို့တွင် အားသွင်းထားခဲ့ခြင်းသည်လည်း အပူချိန်ကြောင့် ဘက်ထရီ ပေါက်ကွဲမှုဖြစ်ပေါ်နိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ထမင်းဟင်း ချက်ပြုတ်ပြီးလျှင် မီးဖို (ဓာတ်ငွေ့မီးဖို၊ လျှပ်စစ်မီးဖို၊ ထင်း/မီးသွေးမီးဖို)တို့ကို စနစ်တကျမီးငြိမ်းသတ်ရန်၊ လောင်စာဆီများနှင့် ဂက်စ်အိုးများ၊ အိမ်သုံးဖျန်းဆေးဘူးများကို နေရောင်ခြည်တိုက်ရိုက်ကျရောက်သောနေရာ သို့မဟုတ် အပူရှိန်ပြင်းသောနေရာများတွင် လုံးဝမထားရန်၊ နေပူထဲတွင်မဖြစ်မနေကားရပ်ရပါက ကားအတွင်းခန်း အပူလွန်ကဲလာမည်ဖြစ်ခြင်းကြောင့် ဂက်စ်မီးခြစ်၊ ပါဝါဘဏ်၊ ဖုန်း၊ စက္ကူဘူးခွံများထားခဲ့ခြင်းမပြုရန်တို့ကိုလည်း သတိထားကြရန်လိုသည်။

အပူရှိန်ပြင်းထန်သည့်အချိန်တွင် ဓာတ်ဆီကဲ့သို့ လောင်စာဆီများကို ပုံးလှယ်ခြင်း၊ ပုံးပြောင်းခြင်းတို့သည် အငွေ့ပြန်နှုန်း မြင့်မားခြင်းနှင့် တည်ငြိမ်လျှပ်စစ် (Static Electricity) တို့ကြောင့် လွန်စွာအန္တရာယ်ကြီးပြီး မီးလောင်ပေါက်ကွဲမှု အလွယ်တကူဖြစ်ပွားနိုင်သည်။ သို့ဖြစ်ရာ အပူရှိန်မြင့်မားချိန်တွင် ဆီပုံးလှယ်ခြင်းကို လုံးဝရှောင်ကြဉ်ရန်၊ လေဝင်လေထွက်ကောင်းပြီး အရိပ်ရသောနေရာတွင်ပြုလုပ်ရန်၊ ကားနောက်ဖုံး၊ ထရပ်ကားပေါ်၊ ပလတ်စတစ်ခုံများပေါ်တင်၍ ဆီပုံးမပြောင်းရန်၊ ပုံးအားလုံးကို မြေကြီး သို့မဟုတ် ကွန်ကရစ်ကြမ်းပြင်ပေါ် တိုက်ရိုက်ချထားပြီး ဆီလှယ်ခြင်းအားဖြင့် တည်ငြိမ်လျှပ်စစ်ကို မြေကြီးထဲ စီးဆင်းသွားစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ဆီလောင်းထည့်နေစဉ် ပုံးနှစ်ခုလုံး၏ နှုတ်ခမ်း သို့မဟုတ် ဆီကန်တော့နှင့် ပုံးနှုတ်ခမ်းကို ထိကပ်ထားရန်လိုသည်။ သီးခြားခွာထားပါက လေထုထဲတွင် လျှပ်စစ်မီးပွား (spark) ဖြစ်ပြီး ပေါက်ကွဲတတ်သည်။ အသုံးပြုသည့် ပုံးများသည် ဓာတ်ဆီထည့်ရန် သီးသန့်ထုတ်လုပ်ထားသော (HDPE) သို့မဟုတ် သံပုံးများကိုသာ အသုံးပြုရမည်ဖြစ်သကဲ့သို့ ဆီကန်တော့သည်လည်း သံကန်တော့ သို့မဟုတ် တည်ငြိမ်လျှပ်စစ်ကာကွယ်ထားသော ဆီကန်တော့များကို သုံးရန်၊ ဆီပုံးကို အပြည့်မဖြည့်ဘဲ နေရာလွတ်အနည်းငယ်ချန်ထားရန်၊ ဆီပုံးလှယ်စဉ်အနီး၌ လက်ကိုင်ဖုန်းသုံးခြင်း၊ မီးခြစ်ခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကို လုံးဝရှောင်ကြဉ်ရန်တို့ကိုလည်း သတိပြုလိုက်နာကြရန်လိုသည်။

စူပါအယ်လ်နီညို၏ သက်ရောက်မှုကြောင့် အပူရှိန်မြင့်မားပြီး ခြောက်သွေ့သောကာလသည် ကြာမြင့်နိုင်မည်ဖြစ်ရာ မီးဘေးအန္တရာယ် ကာကွယ်ရေးကို လူတိုင်းက အလေးအနက်ထားဆင်ခြင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## (၂၀-၁၀-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၅ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၁၆,၆၆၈,၀၀၈.၅၆ | ၅,၀၈၀,၁၀၀.၇၂ | ၁၁,၀၁၂,၀၈၅.၁၄ | - |

**၂၀ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁ - ၁၀ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၇၀၅ | ၄၈၆၀ | ၄၈၁၀ | ၄၇၂၀ | ၄၈၆၅ | ၄၈၈၀ | ၄၉၁၀ | ၄၇၉၀ | ၅၁၆၀ | ၅၁၉၀ | ၄၈၁၀ | ၄၉၆၅ | ၄၉၀၀ | ၄၈၆၀ | ၄၈၇၀ | ၅၁၀၀ |
| 95 Ron | ၄၈၅၀ | ၅၀၀၅ | ၄၉၅၅ | ၄၈၆၅ | ၅၀၁၀ | ၅၀၂၅ | ၅၀၅၅ | ၄၉၃၅ | ၅၃၀၅ | ၅၃၃၅ | ၄၉၅၅ | ၅၁၁၅ | ၅၀၄၅ | ၅၀၀၅ | ၅၀၁၅ | ၅၂၄၅ |
| HSD (500 ppm) | ၄၄၈၅ | ၄၆၃၅ | ၄၅၉၀ | ၄၅၀၀ | ၄၆၄၀ | ၄၆၅၀ | ၄၆၈၅ | ၄၅၇၀ | - | ၄၉၅၀ | ၄၅၉၀ | ၅၁၆၀ | ၄၆၇၅ | ၄၆၃၅ | ၄၆၄၅ | ၄၈၆၅ |
| HSD (50 ppm) | ၅၄၄၀ | ၅၅၈၅ | ၅၅၄၅ | ၅၄၅၅ | ၅၆၀၀ | ၅၆၁၅ | ၅၆၅၀ | ၅၅၂၅ | ၅၈၈၅ | ၅၉၂၅ | ၅၅၄၅ | ၅၇၃၀ | ၅၆၃၅ | ၅၅၈၅ | ၅၆၀၅ | ၅၈၃၅ |
| HSD (10 ppm) | ၅၄၄၀ | ၅၅၈၅ | ၅၅၄၅ | ၅၄၅၅ | ၅၆၀၀ | ၅၆၁၅ | ၅၆၅၀ | ၅၅၂၅ | | ၅၉၂၅ | ၅၅၄၅ | ၅၇၃၀ | ၅၆၃၅ | ၅၅၈၅ | ၅၆၀၅ | ၅၈၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၇၆ | ၄၅၉၉ |
| 95 Ron | ၄၆၁၆ | ၄၇၄၂ |
| HSD (500 ppm) | ၄၂၇၈ | ၄၃၉၃ |
| HSD (50 ppm) | ၅၁၈၈ | ၅၃၂၂ |
| HSD (10 ppm) | ၅၁၈၈ | ၅၃၂၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ National Historical and Cultural Museum-Reserve "Nesvizh" သို့ သွားရောက်လေ့လာ



**မင့်စ် အောက်တိုဘာ ၂၀**

ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နီဗာ ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံမှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ အောက်တိုဘာ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ပြည်ထောင်စု လွှတ်တော်နာယကနှင့် အဖွဲ့အား လေဆိပ်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Igor Brylevich ၊ အမျိုးသားလွှတ်တော် နိုင်ငံတကာရေးရာနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အမြဲတမ်းကော်မရှင်ဥက္ကဋ္ဌ Mr. Sergei ALEINK၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမောင်မောင်စိုးတို့က ကြိုဆိုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ညှက်စဘစ်ရှိ (Nesvizh) မြို့ရှိ National Historical and Cultural Museum-Reserve "Nesvizh" ပြတိုက်သို့ သွားရောက်လေ့လာကြသည်။

အဆိုပါပြတိုက်သည် ၂၀၀၅ ခုနှစ်တွင် ယူနက်စကို (UNESCO) ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ပြီး ပြတိုက်အတွင်း၌ ပြခန်းပေါင်း ၁၅ ခန်း၊ အမွေနှစ်ပစ္စည်း ၂၄၀၀၀ ကျော် ပြသထားရှိကြောင်း သိရသည်။

ထို့ပြင် ပြတိုက်ပရဝဏ်တွင် Nesvizh မြို့တော်ခန်းမ၊ သမိုင်းဝင် Slutsk ဂိတ်တံခါး၊ သမိုင်းဝင် ပန်းခြံ ငါးခု ( Castle Park, Old Park, Japanese Park, English Park နှင့် Marysin-New Park) တည်ရှိပြီး ဧက ၁၆၀ ကျော် ကျယ်ဝန်းကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံပွဲဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(ငြိမ်း)က နိုင်ငံရေးပါတီများအနေဖြင့် ယခင်ကလည်း ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ဆက်ဆံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာနှင့် ပတ်သက်သည့်ကိစ္စများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဆိုသည်မှာ နိုင်ငံရေးကျင့်စဉ်နှင့် အာဏာခွဲဝေမှုတို့ဖြစ်ကြောင်း၊ နှစ်ဖက်ဆွေးနွေးရာတွင် သဘောတူညီချက်များ ရရှိနိုင်သကဲ့သို့ ဆက်လက်ဆွေးနွေးရမည့် ကိစ္စများလည်း ရှိလာမည်ဖြစ်ပါကြောင်း၊ ယခုလည်း ဖက်ဒရယ်ဆိုင်ရာအချက်များအား ဆွေးနွေးညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့်နှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားပါသည်။

**မိမိနိုင်ငံနှင့်ကိုက်ညီသည့် ဖက်ဒရယ်စနစ်ဖြစ်ရန်လို**

ယင်းနောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် ဒေါက်တာ အောင်မြတ်ဦးက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို တည်ဆောက်ရာတွင် မိမိနိုင်ငံနှင့်ကိုက်ညီသည့် ဖက်ဒရယ်စနစ်ဖြစ်ရန်လိုကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဆက်ဆံရေးကောင်းမွန်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ပြင်ဆင်သင့်သည့်အချက်များ ပြင်ဆင်ရန်လိုအပ်ကြောင်း၊ ခိုင်မာသည့် ပြည်ထောင်စုဖြစ်ရန်လိုအပ်သကဲ့သို့ လွတ်လပ်ပြီး တရားမျှတသည့် ပြည်ထောင်စုကြီးလည်း ဖြစ်ရန်လိုကြောင်း၊ ပြည်ထောင်စုအစိုးရသည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့်အတွက် ခိုင်မာအားကောင်းရန်လိုအပ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် လွတ်လွတ်လပ်လပ်လုပ်ကိုင်နိုင်ရန် လုပ်ပိုင်ခွင့်ပြည့်ပြည့်ဝဝရှိရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များက ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရများအကြား ဆက်ဆံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် ပါတီတွင်းထုတ်ပြန်ချက်များ ထုတ်ပြန်ပြီး ရပ်တည်ဆွေးနွေးခဲ့ကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး / ပြည်နယ်များအကြား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကိစ္စရပ်များအား အာဏာခွဲဝေမှုတွင် ဆီလျော်ရန်လိုအပ်ကြောင်း၊ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေသည် အစိုးရနှစ်ရပ်၊ လွှတ်တော် သုံးရပ်ရှိသည့်အတွက် ဖက်ဒရယ်ပုံစံဖြစ်ကြောင်း၊ ဖက်ဒရယ်ကိုစဉ်းစားရာတွင် အလွှာအားလုံးပါဝင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး / ပြည်နယ်အစိုးရများအကြား လုပ်ငန်းတာဝန်ကို ရှင်းလင်းစွာ သတ်မှတ်ရန်လိုကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးနှင့် သက်ဆိုင်သည့်အတွက် သက်ဆိုင်ရာမူဝါဒများ၊ အမျိုးသားအဆင့်စီမံကိန်းများ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုများကို ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား ပထဝီအနေအထား လူဦးရေ၊ စီးပွားရေးနှင့် လူမှုရေးလိုအပ်ချက်အပေါ်အခြေခံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

**ပြန်လည်ဆွေးနွေး**

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(ငြိမ်း)က ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်းတွင် ပြဋ္ဌာန်းပြီးဥပဒေများ၊ ပြဋ္ဌာန်းရန်ကျန်သည့် ဥပဒေများနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့မှ ဆွေးနွေးတင်ပြမှုများအား အကျဉ်းချုပ် ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်လာစေရေး၊ ညှိနှိုင်းရေးကော်မတီဘက်မှ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကိုမြှင့်တင်ပါက ထိတွေ့ဆက်ဆံနိုင်သည့် အတိုင်းအတာနှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာ သတ်မှတ်ပေးရေး၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့အနေဖြင့် ပါတီတစ်ခုချင်းစီ၏ သဘောထားများအား ဖော်ပြနေခြင်းထက် ပါဝင်ပတ်သက်သည့် နိုင်ငံရေးပါတီအားလုံး၏ အသံကိုထင်ဟပ်နိုင်စေရေး၊ ဆွေးနွေးပွဲအဆင့်တွင် ရပ်တန့်မနေဘဲ မည်သို့ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဆိုသည့် နည်းလမ်းများ ဖော်ထုတ်နိုင်ရေးတို့အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ယင်းနောက် ဆွေးနွေးမှုများနှင့် ပတ်သက်၍ မှတ်တမ်းတင်ပြီးရရှိသော သဘောထားစုစည်းချက်များကို မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဒေါက်တာ အောင်မြတ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

✤ *ရှေ့ဖုံးမှ*

ထိုသို့ဖြန့်ဖြူးရာတွင် ကားအစီးရေနှင့် အကြိမ်အရေအတွက် ကန့်သတ်မှုမရှိဘဲ နေ့စဉ် နံနက် ၄ နာရီမှ ည ၁၁ နာရီအထိ ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။

ခရီးသွားပြည်သူများ ယာဉ်စီးခသက်သာစွာ သွားလာနိုင်ရန်အတွက်လည်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ကို 1 Kg လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကာ လက်ရှိတွင်မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင် ၄၁ ဆိုင်သို့ နေ့စဉ် YBS ယာဉ် ၃၃၀၀ ခန့်၊ Taxi ၃၁၀၀၀ ခန့်နှင့် အခြားယာဉ် ၁၅၀၀ ခန့် စုစုပေါင်းယာဉ် ၃၆၀၀၀ ခန့် (တစ်နေ့လျှင် ၂ ကြိမ်ဖြည့်သောယာဉ်များအပါအဝင်) လာရောက်ဖြည့်သွင်းလျက်ရှိပြီး နေ့စဉ်သဘာဝဓာတ်ငွေ့ ၂၆ ကုဗပေသန်းခန့် လုံလောက်စွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

# ကျောင်းသား ကျောင်းသူများ နိုင်ငံချစ်စိတ်ရှိလာစေရေး၊ လောကနီတိများအား သိရှိနားလည်လာစေရေး၊ ယဉ်ကျေးသိမ်မွေ့သောလူသားအရင်းအမြစ်များ တိုးတက်ရရှိလာစေရေးတို့အတွက် အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဃာပုံ)**

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်က တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၇ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ငှက်ပျောတောကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၅၇ ဦး ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ယိုယွင်းပျက်စီးနေသော ကျောင်းဆောင်ဟောင်းနေရာတွင်ကျောင်းဆောင်သစ်တစ်ဆောင်ကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဖြည့်ဆည်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် တည်ဆောက်ရေးလုပ်ငန်းရှစ်ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၂၂၁၇ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငှက်ပျောတောကွင်း အခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ၁၅၇ ဦးရှိပြီး စာသင်ဆောင်များအနေဖြင့် စုစုပေါင်း စာသင်ကျောင်းဆောင်နှစ်ဆောင်ရှိကာ စာသင်ခန်းခြောက်ခန်းဖြင့် သင်ကြားမှု သင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၁၀ x ၂၆ ပေ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်သည် ပျက်စီးမှုရှိနေသော်လည်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်၍ ရနေသည့်အတွက် အကြီးစားပြန်လည်ပြင်ဆင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကျောင်းဆောင်အပြင်တွင် ကျောင်းဆောင် ၁၈ x ၁၂ ပေ သွပ်မိုးထရံကာဖြင့် သင်ကြားနေရသည့်အတွက်ကြောင့် ကျောင်းသားအင်အားအရ လိုအပ်နေသည့် ပေ (၆၀ x ၃၀) RC တစ်ထပ် တိုးချဲ့ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရန်ပုံငွေရရှိမှုအပေါ်မှာ တိုင်းဒေသကြီးတန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ခွန်ထိုင်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပင်လောင်းမြို့ အနောက်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းအား ပေ(၁၄၀x၃၀) RC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေး ခွင့်ပြုရန်ပုံငွေ ၃၉ ဒသမ ၀၇ သန်းဖြင့် လုပ်ငန်းပေါင်း ၁၅၉ ခုကို လက်ရှိဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပင်လောင်းမြို့အတွက် မန္တလေးလျှင်ကြောင့် ပျက်စီးသွားသည့် ကျောင်းဆောင်အစား အသစ်ဆောက်လုပ်ခြင်း လုပ်ငန်းနှစ်ခုအပါအဝင် လုပ်ငန်းပေါင်း ၁၃ ခု အတွက် ခွင့်ပြုငွေကျပ် ၃၂၉၇ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။




အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၏ မြေဧရိယာသည် ဧက ၁ ဒသမ ၅၀ ကျယ်ဝန်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းဆင့် ကျောင်းသား ၅၂၀၊ အလယ်တန်းဆင့် ကျောင်းသား ၇၈၃ ဦး၊ အထက်တန်းဆင့် ကျောင်းသားပေါင်း ၂၉၂ ဦး စုစုပေါင်း ကျောင်းသားပေါင်း ၁၅၉၅ ဦး ရှိပါကြောင်း၊ အဆိုပါကျောင်းတွင် ကျောင်းဆောင် ခုနစ်ဆောင်၊ စာသင်ခန်း ၃၀ နှင့် သင်ကြားသင်ယူမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တန်းခွဲဦးရေအရ လိုအပ်နေသည့် စာသင်ခန်းရှစ်ခန်းစာ ပေ(၁၄၀x၃၀) RC နှစ်ထပ် ကျောင်းဆောင်ဆောက်လုပ်နိုင်ရန် အတွက် လာမည့်ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး ဘတ်ဂျက်ရရှိမှုအပေါ် ပြည်နယ်၏ တန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဒေါ်ကျင်သိန်း၏ **နိုင်ငံ့ဝန်ထမ်းဥပဒေ၊ အငြိမ်းစားယူခြင်းဥပဒေမှ ဝန်ထမ်းနှစ်ပြည့်ပင်စင် လျှော့ထားခြင်းနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများဖြစ်သော ပညာရေးဝန်ထမ်းများသည် အသက်(၅၅)နှစ်ပြည့်ပြီး ဝန်ထမ်းလုပ်သက် (၃၀)နှစ်ပြည့်သော်လည်း တင်ပြလျှော့ထားခွင့် မပြုဖြစ်နေပါသောကြောင့် ဝန်ထမ်းသည် အငြိမ်းစားယူရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရမှ လျှော့ထားခွင့် ပြု/မပြုနှင့် ခံစားခွင့် ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ကို ထိန်းသိမ်းရန်၊ လုပ်သက်ရင့် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုတို့အရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ဆက်လက်အထောက်အကူပြုစေရန်၊ လုပ်ငန်းကျွမ်းကျင်သည့် လုပ်သက်ရင့် နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံတော်က ဆက်လက်ချီးမြှောက်ရန်အလို့ငှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၇၆၊ ပုဒ်မခွဲ (က)တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါကြောင်း။

အဆိုပါပြင်ဆင်ချက်တွင် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၂၃၀ ကို ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့် နေ့ရက်သတ်မှတ်ချက်သည် ယင်းဝန်ထမ်း အသက် ၆၂ နှစ်ပြည့်သည့် နေ့ရက်ဖြစ်သည်ဟူ၍ လည်းကောင်း၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) ကို တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့် ကိစ္စမှတစ်ပါး အသက် ၆၂ နှစ်ပြည့်သောအခါ သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင်ခံစားခွင့်ရှိသည်ဟူ၍ လည်းကောင်း ဖော်ပြပါရှိပါကြောင်း။

သို့သော် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးစားနေသည့်ကာလတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန် လိုအပ်နေသည့်အတွက်ကြောင့် လည်းကောင်း၊ အခြေအနေအရပ်ရပ်ကြောင့် ဝန်ထမ်းပြုန်းတီးမှုများ ရှိနေသည့်အတွက်ကြောင့်လည်းကောင်း၊ သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် ရုံးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဟန်ချက်ညီညီ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ဝန်ထမ်းအင်အားနည်းပါးနေခြင်း၊ ထပ်မံဖြည့်တင်းရန် လိုအပ်နေခြင်းတို့ကြောင့် လည်းကောင်း၊ နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ် လူငယ်များ ပညာသင်ယူမှုရပ်တန့်မသွားစေရန် အတွက်လည်းကောင်း ဝန်ထမ်းလိုအပ်ချက်ကို အစွမ်းကုန် ဖြည့်ဆည်းကြိုးပမ်းဆောင်ရွက်နေရသည့် ကာလဖြစ်နေသည့်အတွက် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (ခ) ပါ အသက် ၅၅ နှစ်ပြည့်ပြီးသော ဝန်ထမ်းသည် လုပ်သက် ၃၀ နှစ်ပြည့်ပါက နှစ်ပြည့်ပင်စင်ခံစားခွင့်ရှိသည်ဟု ဖော်ပြချက်ပါ နှစ်ပြည့်ပင်စင်နှင့် နည်းဥပဒေခွဲ (ဆ) ပါ လျှော့ပေါ့ပင်စင် ခံစားခွင့်များကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှစ၍ ယာယီရပ်ဆိုင်းထားရခြင်း ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးတင်မောင်ဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ပလောက်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားဦးရေ များပြားလာသောကြောင့် စာသင်ခန်းမလုံလောက်သည့်အပြင် လက်ရှိသင်ကြားနေသည့် စာသင်ဆောင်များမှာလည်း ပျက်စီးယိုယွင်းနေပါသဖြင့် ပေ (၁၄၀ x ၃၀) RC သုံးထပ်ကျောင်းဆောင်သစ်တစ်ဆောင်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းဆင့် ကျောင်းသား ၅၂၄ ဦး၊ အလယ်တန်းဆင့် ကျောင်းသား ၅၄၁ ဦး၊ အထက်တန်းဆင့် ၂၃၇ ဦး စုစုပေါင်း ၁၃၀၂ ဦးရှိပြီး စာသင်ကျောင်းဆောင်ငါးဆောင်နှင့် စာသင်ခန်း ၂၄ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်အခြေခံပညာအထက်တန်းကျောင်းတွင် ပျက်စီးနေသည့် ကျောင်းဆောင်တချို့ကို ပြန်လည်ပြုပြင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျောင်းသားနှင့် အတန်းခွဲဦးရေအရ ထပ်မံလိုအပ်နေသည့် စာသင်ခန်းရှစ်ခန်းစာ ပေ (၁၄၀ x ၃၀) RC နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ရန် အတွက် နီးစပ်ရာဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း တည်ဆောက်ရေး ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီးတန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ် မြို့နယ်ပညာရေးမှူးရုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၆-၂၀၂၇ ငွေလုံးငွေရင်း တည်ဆောက်ရေး ခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၅၉ ဘီလီယံဖြင့် လုပ်ငန်းပေါင်း ၅၄ ခုကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ပညာရေးမှူးရုံး၏ မြေသည် ၀ ဒသမ ၀၆၈ ဧက ကျယ်ဝန်းပါကြောင်း၊ တမူးမြို့နယ် ပညာရေးမှူးရုံးတွင်ရှိသည့် ပေ(၉၀x၃၀) သွပ်မိုးအုတ်ညှပ် တစ်ထပ် အဆောက်အအုံသည် ၂၀၂၄ ခုနှစ် ဇွန် ၃ ရက်တွင် မီးရှို့ဖျက်ဆီးခြင်းခံရသည့်အတွက် တမူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တပင်ရွှေထီးအဆောင်၏ အပေါ်ထပ်တွင် ရုံးလုပ်ငန်းများ ဆောင်ရွက်နေရပါကြောင်း။

ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ပညာရေးမှူးရုံးတွင် ပေ(၁၀၀ x ၃၀) RC နှစ်ထပ် အသစ်ဆောက်လုပ်နိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီးဦးစားပေး အစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးဗိုလ်သိန်းနိုင်၏ **၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ စတင်ဝင်ရောက်လာသော KG တန်း ကျောင်းသားများမှအစပြု၍ မူလတန်းပညာရေးမှာ နိုင်ငံချစ်စိတ်ရှိလာရေး၊ လောကနီတိများအား သိရှိနားလည်လာရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်ရရှိလာရေးတို့ကို ဖြစ်ပေါ်စေမည့် ပညာရေးအထူးစီမံချက် (အထူးစီမံချက်)များ ရည်မှန်းဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်ရရှိလာရေးတို့ကို ဖြစ်ပေါ်စေမည့် စာရိတ္တပိုင်းဆိုင်ရာ ကျင့်ဝတ်နှင့် ပြည်သူ့နီတိသဘောတရားများ ထည့်သွင်းရေးဆွဲထားသည့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို Grade-1 မှ Grade-11 အထိ ရေးဆွဲပြဋ္ဌာန်းသင်ကြားစေလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် Unicef Myanmar တို့ ပူးပေါင်းပြီး ကျောင်းအခြေပြု မူလတန်းကြိုကျောင်းများရှိ ကလေးများအတွက် ပုံပြင်စာအုပ်များဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ မူလတန်းကြို သူငယ်တန်းနှင့် မူလတန်းပညာရေးလုပ်ငန်းများ အားကောင်းလာစေရေးအတွက်လည်း အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း ၂၀၁၆-၂၀၂၁ တွင် ထည့်သွင်းရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၂၁-၂၀၃၀ တွင်လည်း ဆက်လက်ထည့်သွင်းပြီး မဏ္ဍိုင် -၁ အခွင့်အလမ်းနှင့် လူတိုင်းအကျုံးဝင်မှု၊ မဏ္ဍိုင်-၂ သင်ရိုးညွှန်းတမ်း၊ မဏ္ဍိုင်-၃ ပညာသင်ကြားသင်ယူမှုနှင့် မဏ္ဍိုင်-၇ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့်မိတ်ဖက်အဖွဲ့အစည်းများ၏ မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များအရ

*စာမျက်နှာ ၅ သို့*

# နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်ရေးရာကော်မတီများ ဖွဲ့စည်းပြီး ဘက်စုံဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီကိုသာမက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်ရေးရာကော်မတီများဖွဲ့စည်းပြီး ဒေသအနှံ့အပြားရှိ အထူးအလေးပေးရမည့် လူငယ်များကို ယခင်အုပ်စု ၁၁ စု သတ်မှတ်ခဲ့သော်လည်း ယခုအခါ လူငယ်အုပ်စု ၅ စုကို ထပ်မံတိုးမြှင့်ကာ စုစုပေါင်း လူငယ်အုပ်စု ၁၆ စု၏ ဘက်စုံဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း လူငယ်များ၏ အခန်းကဏ္ဍနှင့် စွမ်းရည်မြှင့်တင်ရေး ဟောပြောပွဲမှ သိရသည်။



အဆိုပါဟောပြောပွဲကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဟောပြောပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို ပုံဖော်တည်ဆောက်ကြမည့် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များ၏အခန်းကဏ္ဍသည် အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ အနာဂတ်လူငယ်များ၏ အခန်းကဏ္ဍနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများတွင် လူငယ်များအနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများသာမက ဗလငါးတန်နှင့် ပြည့်စုံခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ကိုယ်ချင်းစာတရားမြင့်မားခြင်းဖြင့် အနာဂတ်၏ ခေါင်းဆောင်ကောင်းများအဖြစ် ရည်မှန်းချက်ထားရှိရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့အတူ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လူငယ်ရေးရာဝန်ကြီးဌာနကို အသစ်ဖွဲ့စည်းတာဝန်ပေးအပ်မှု၊ လူငယ်ကဏ္ဍ ၁၆ ရပ်ကို လုပ်ငန်းစဉ် ၅၈ ခုဖြင့် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ လူငယ် မဟာဗျူဟာစီမံချက်ကို ထပ်မံပြုပြင်ရေးဆွဲလျက်ရှိသည့် အခြေအနေ၊ လူငယ်ဖိုရမ်များ၊ လူငယ်တွေ့ဆုံပွဲများ၊ လူငယ်အလုပ်ရုံဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးစဉ်များကိုလည်းကောင်း၊ လူငယ်စကားဝိုင်းနှင့် လူငယ်အသိပညာပေးဟောပြောပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်စင်တာ ဖွင့်လှစ်ပြီးစီးမှု၊ အာဆီယံနှင့် နိုင်ငံတကာလူငယ်ရေးရာ အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဟောပြောပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့်အဖွဲ့အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြခန်းများကို လှည့်လည်ပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နည်းပညာတက္ကသိုလ် (တောင်ကြီး)ရှိ အဆောက်အအုံများကို အကြီးစားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**တောင်ကြီး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ နည်းပညာတက္ကသိုလ် (တောင်ကြီး) တွင် အဆောက်အအုံများကို အကြီးစားပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါတက္ကသိုလ်မှ သိရသည်။

အဆိုပါတက္ကသိုလ်ရှိအကြီးစားပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် အဆောက်အအုံများ၊ အသစ်တည်ဆောက်နေသည့် အဆောက်အအုံများ၊ ဘောလုံးကွင်းပွဲကြည့်စင်နှင့် ပြေးလမ်းဆောင်ရွက်မည့်နေရာ၊ Recreation Centre RC တစ်ထပ်ဆောင် ဆောက်လုပ်မည့်နေရာတို့ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် အေးသာယာစက်မှုဇုန်ရှိ ပြောင်းအခြောက်ခံစက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

***ရှေ့ဖုံးမှ**

ဦးစွာ ထူးချွန်ကျောင်းသား ကျောင်းသူများသည် ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သည့် Hanoi University of Science and Technology(HUST) သို့ သွားရောက်လေ့လာရာ တက္ကသိုလ်မှ တာဝန်ရှိသူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝေလင်းက ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့ပြင် Hanoi University of Science and Technology(HUST) မှ တာဝန်ရှိသူတစ်ဦးက တက္ကသိုလ်၏သမိုင်းကြောင်းနှင့် ဖွင့်လှစ်ပို့ချလျက်ရှိသည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တက္ကသိုလ်အတွင်းရှိ ပညာရေး၊ နည်းပညာ၊ ယဉ်ကျေးမှုနှင့် သုတေသနပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သည့် ဌာနများနှင့် နည်းပညာဆိုင်ရာ သုတေသနဆောင်ရွက်နေမှုများအား ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ VNU University of Science (VNU–HUS) သို့ ရောက်ရှိပြီး ဗီယက်နမ်ကျောင်းသားများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအချင်းချင်း ယဉ်ကျေးမှုဖလှယ်ခြင်းများ ပြုလုပ်ခဲ့ကြပြီး NGỤY NHƯ KON TUM ခန်းမနှင့် ဇီဝဗေဒပြခန်းတို့ကို ကြည့်ရှုလေ့လာခဲ့ကာ ညနေပိုင်းတွင် သံရုံးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်အုပ်ချုပ်သူများသည် ပုဂ္ဂလိကတက္ကသိုလ်တစ်ခုဖြစ်သည့် VIN University သို့ရောက်ရှိပြီး တက္ကသိုလ်မှတာဝန်ရှိသူများနှင့် ကြီးကြပ်အုပ်ချုပ်သူများက သီးခြားတွေ့ဆုံရာတွင် တက္ကသိုလ်မှ တာဝန်ရှိသူများက နိုင်ငံတကာကျောင်းသားကျောင်းသူများ ပညာလာရောက်သင်ယူမှု၊ ကျောင်း၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ဌာနကြီးများဖွဲ့စည်းထားရှိမှု၊ နိုင်ငံတကာကျောင်းသား ကျောင်းသူများ ပညာလေ့လာသင်ယူခွင့် အခြေအနေများနှင့် ပညာသင်ဆုလျှောက်ထားနိုင်သည့် အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးကြပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ ထူးချွန်ကျောင်းသား ကျောင်းသူ ၃၆ ဦးနှင့် အုပ်ချုပ်သူများအား နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးပို့ဆောင်ပေးခဲ့ရာ အောက်တိုဘာ ၁၅ ရက်မှ ၂၀ ရက်အထိ ခြောက်ရက်ကြာ ခရီးစဉ်အတွင်း ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သို့ သွားရောက်လေ့လာခဲ့ကြပြီး ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



စဉ့်ကူးမြို့၌ အယ်လ်နီညိုဖြစ်စဉ်ကာလအတွင်း ရာသီဥတုအပူလွန်ကဲမှုကြောင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို အောက်တိုဘာ ၂၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးချမ်းပြည့်ကျော် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းဆောင်ရွက်စဉ်။ **တင်ဇာလွင် (ပြန်/ဆက်)**

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

***စာမျက်နှာ ၄ မှ***

သူငယ်တန်းနှင့် မူလတန်း ဆရာ ဆရာမများအတွက် ဆရာလမ်းညွှန်များအပါအဝင် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ အခြေခံအဆောက်အအုံများ စွမ်းရည်မြှင့်တင်ရေးသင်တန်းပေးခြင်းများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ရှိနေသော ကျောင်းနေအရွယ်လွန်ကလေးလူငယ်များအတွက် ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျောင်းပြင်ပမူလတန်းပညာရေးတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ နိုင်ငံချစ်စိတ်ရှိလာရေး၊ လောကနီတိများအား သိရှိနားလည်လာရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်လာစေရန်အတွက် ကျောင်းပြင်ပမူလတန်းပညာရေး ပြဋ္ဌာန်းသင်ရိုး ပထမဆင့်တွင် ရုပ်ပြကတ်များဖြင့်လည်းကောင်း၊ ဒုတိယဆင့်တွင် အထွေထွေဘာသာရပ် (စာရိတ္တနှင့် ပြည်သူ့နီတိ)တွင်လည်းကောင်း သင်ကြားပေးလျက်ရှိပါကြောင်း။

သို့ပါ၍ KG တန်း ကျောင်းသားများမှ အစပြု၍ ကျောင်းသား ကျောင်းသူများ နိုင်ငံချစ်စိတ်ရှိလာစေရေး၊ လောကနီတိများအား သိရှိနားလည်လာစေရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်ရရှိလာစေရေးတို့အတွက် ပိုမိုရေရှည်တည်တံ့ခိုင်မြဲပြီး ထိရောက်အောင်မြင်စေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီကို ဖွဲ့စည်းထားရှိပြီး KG ကလေးများအား ပြုစုပျိုးထောင်ပေးလျက်ရှိပြီး ရေတိုရေရှည်စီမံကိန်းများ ချမှတ်ပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို အောက်တိုဘာ ၂၂ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းအဖွဲ့)**

# ခြောက်သွေ့ရာသီရောက်လာပြီ၊ Fire Hotspot နှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်စို့

**ခြောက်သွေ့ရာသီနှင့် အပူချိန်မြင့်မားမှု**

မြန်မာနိုင်ငံ၏ ခြောက်သွေ့ရာသီသည် ယေဘုယျအားဖြင့် နိုဝင်ဘာလမှ မေလအထိ ကြာမြင့်လေ့ရှိပြီး မိုးရွာသွန်းမှုနည်းပါးခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ လေထုစိုထိုင်းဆ ကျဆင်းခြင်း၊ မြေဆီလွှာ၊ မြက်ခင်း၊ သစ်ရွက်ခြောက်နှင့် သစ်တောအမှိုက်များခြောက်သွေ့လာခြင်းတို့ကြောင့် တောမီးလောင်ကျွမ်းခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း အကြွင်းအကျန်များနှင့် မြေယာမီးလောင်မှုများ ဖြစ်ပေါ်နိုင်ခြေကို မြင့်မားစေပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ၂၀၂၆ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၂၇ ခုနှစ်အစောပိုင်းအတွင်း "အလွန်ပြင်းထန်သော အယ်လ်နီညို" ဖြစ်လာနိုင်သည်ဟု ထုတ်ပြန်ထားသည့်အတွက် ပုံမှန်နှစ်များထက် အပူချိန် ပိုမိုမြင့်မားလာနိုင်ပါသည်။

**အယ်လ်နီညိုနှင့် မီးခိုးမြူငွေ့အန္တရာယ်**

အယ်လ်နီညိုကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖြစ်စဉ်သည် ကမ္ဘာ့လေထု လည်ပတ်မှုနှင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲခြင်း၊ မိုးနည်းခြင်း၊ အပူချိန်မြင့်ခြင်းနှင့် ခြောက်သွေ့ရာသီရှည်လျားခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်စေပြီး မီးလောင်ကျွမ်းမှုများဖြစ်စေရန် ပိုမိုလွယ်ကူစေမည့် အခြေအနေများကို ဖန်တီးပေးနိုင်ပါသည်။ ဒေသအလိုက် လေတိုက်ခတ်မှုအခြေအနေများ ပေါင်းစပ်ပါက မီးအရှိန်မှာ ထိန်းချုပ်ရခက်ခဲစွာဖြင့် ပတ်ဝန်းကျင်သို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားသွားနိုင်ပါသည်။

တောင်ယာများ မီးရှို့ခြင်း၊ ရွှေ့ပြောင်း တောင်ယာစနစ်များကျင့်သုံးခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်း၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးရန် မြေပြုပြင်ခြင်း၊ အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်း၊ အမဲလိုက်ခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ သစ်တောအတွင်း မီးမဆင်မခြင်အသုံးပြုခြင်းကြောင့် မီးလောင်ကျွမ်းခြင်း စသည်တို့သည် မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်ရခြင်း၏ အဓိက အကြောင်းရင်းများဖြစ်ပါသည်။

ထို့ပြင် ကျောက်မီးသွေးနှင့် ထင်းလောင်စာအသုံးပြုမှု များပြားလာခြင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် အိုဟောင်းနေသော မော်တော်ယာဉ်များမှ ထုတ်လွှတ်သော မီးခိုးနှင့် ဓာတ်ငွေ့အမျိုးမျိုး များပြားလာခြင်း စသည့် အကြောင်းရင်းများကြောင့်လည်း မီးခိုးမြူငွေ့များ လေထုအတွင်း တိုးပွားလာပြီး လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာပါသည်။

**မီးခိုးမြူငွေ့များနှင့် လေထုညစ်ညမ်းမှု**

မီးခိုးမြူငွေ့များဆိုသည်မှာ အခိုးအငွေ့များ၊ ဖုန်မှုန့်များ၊ အမှုန်များ၊ ရေခိုးရေငွေ့များ၊ အငွေ့ပြန်




**စေနိုင်သည့်အရာများ လေထုအတွင်းတွင် ပေါင်းစပ်ဖြစ်ပေါ်လာခြင်းကို မီးခိုးမြူငွေ့ဟု ခေါ်ဆိုပါသည်။ မီးခိုးမြူငွေ့များတွင် အလွန်သေးငယ်သော အမှုန်အမွှားများ Particulate Matter ($PM_{2.5}$, $PM_{10}$)၊ ကာဗွန်မိုနောက်ဆိုက်၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ အိုဇုန်းနှင့် အခြားအဆိပ်အတောက်ဖြစ်စေသည့် ဓာတ်ငွေ့များ ပါဝင်ပါသည်။** မီးလောင်ကျွမ်းမှုများမှ ထွက်ရှိလာသည့် မီးခိုး၊ အမှုန်အမွှားများ၊ အထူးသဖြင့် $PM_{2.5}$ နှင့် လေထုညစ်ညမ်းစေသည့် အလွန်သေးငယ်သော အမှုန်အမွှားများသည် လေထုအတွင်း စုစည်းကျန်ရှိနိုင်သကဲ့သို့ လေတိုက်နှုန်းနှင့် လေတိုက်ရာအရပ်ပေါ် မူတည်၍ နိုင်ငံနယ်နိမိတ်များကို ဖြတ်ကျော်ကာ အိမ်နီးချင်းနိုင်ငံများသို့ ရွေ့လျားနိုင်ပါသည်။

**မီးခိုးမြူငွေ့များသည် လေထုညစ်ညမ်းမှုကို ဆိုးရွားစွာ ဖြစ်ပေါ်စေနိုင်ပြီး ရက်ကာလကြာရှည်လာသည်နှင့်အမျှ** လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေး၊ လူမှုစီးပွားနှင့် ပတ်ဝန်းကျင်တို့အပေါ်တွင် ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ပြင် လေထုညစ်ညမ်းခြင်း၊ တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ ပျက်စီးခြင်း၊ တောရိုင်းတိရစ္ဆာန်များ၊ အပင်များ သေကျေပျက်စီးခြင်း၊ မျိုးသုဉ်းပျောက်ကွယ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ရေအရင်းအမြစ်များ ထိခိုက်ခြင်း စသည့် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့အပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်ပါသည်။

**မြန်မာနိုင်ငံတွင် Fire Hotspot ဖြစ်ပေါ်မှုအခြေအနေ**

အာဆီယံမိုးလေဝသ စောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center–ASMC) မှ ရရှိသော Fire Hotspot ဖြစ်ပေါ်မှုအချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်အထိ နှစ်စဉ်ပျမ်းမျှ ဖြစ်ပေါ်ခဲ့သော Fire Hotspot အရေအတွက်သည် ၄၅၀၀၀ မှ ၅၀၀၀၀ ခန့် ဖြစ်ပေါ်လေ့ရှိကြောင်း တွေ့ရှိရပါသည်။

သာမန်ထက် ပူပြင်းခြောက်သွေ့သော နှစ်များဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် Fire Hotspot ၅၆၄၁၉ ခု၊ ၂၀၂၃ ခုနှစ်တွင် ၅၆၅၀၄ ခုနှင့် ၂၀၂၄ ခုနှစ်တွင် ၅၁၀၉၁ ခု ဖြစ်ပေါ်ခဲ့ပြီး ပုံမှန်နှစ်များထက် ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ Fire Hotspot များ ဖြစ်ပေါ်မှုသည် ဇန်နဝါရီလမှစ၍ မြင့်တက်လာပြီး ပျမ်းမျှအားဖြင့် မတ်လတွင် ၄၈ ရာခိုင်နှုန်းခန့်နှင့် ဧပြီလတွင် ၃၂ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့သဖြင့် အဆိုပါလများတွင် တစ်နှစ်လုံးဖြစ်ပေါ်မှု စုစုပေါင်း၏ ရာခိုင်နှုန်း ၈၀ ခန့် ဖြစ်ပေါ်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် အဆိုပါကာလများတွင် မီးခိုးမြူငွေ့ညစ်ညမ်းမှု မဖြစ်ပေါ်စေရေး ပုံမှန်ထက် ပိုမိုပြီး ကြီးကြပ်စောင့်ကြည့် ထိန်းချုပ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ် အထိ European Space Agency (ESA) WorldCover 2021 ဖြင့် မြေအသုံးချမှုအမျိုးအစားအလိုက် Fire Hotspot ဖြစ်ပေါ်မှုကို ဆန်းစစ်ရာတွင် Fire Hotspot ဖြစ်ပေါ်မှုမှာ ပျမ်းမျှအားဖြင့် သစ်ပင်ဖုံးလွှမ်းမြေတွင် ၆၅ ရာခိုင်နှုန်း၊ မြက်ခင်းပြင်(Grassland)တွင် ၁၈ ရာခိုင်နှုန်း၊ စိုက်ပျိုးမြေ (Cropland)တွင် ၁၆ ရာခိုင်နှုန်းနှင့် ချုံနွယ်များ ပေါက်ရာမြေ(Shrubland) နှင့် အခြားမြေများတွင် ၁ ရာခိုင်နှုန်းစီ ဖြစ်ပေါ်ခဲ့ပါသည်။

နေရာဒေသအလိုက် ရာသီဥတု၊ ပေါက်ရောက်သည့် သစ်ပင်အမျိုးအစား၊ စိုက်ပျိုးသီးနှံ (ရိတ်သိမ်းချိန်၊ စိုက်ပျိုးသည့် သီးနှံအမျိုးအစား)နှင့် အသက်မွေးဝမ်းကျောင်း အလေ့အထ (တောင်ယာမီးရှို့ခြင်း၊ အမဲလိုက်ခြင်း၊ သစ်တောအတွင်း မီးမဆင်မခြင်အသုံးပြုခြင်း) စသည့်အချက်များအပေါ် မူတည်၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင် Fire Hotspot ဖြစ်ပေါ်မှုအခြေအနေမှာ ကွဲပြားနိုင်ပါသည်။ ရှမ်းပြည်နယ်တွင် နှစ်စဉ် Fire Hotspot ဖြစ်ပေါ်မှုအများဆုံးဖြစ်ပေါ်ခဲ့သည်။ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပျမ်းမျှ Fire Hotspot ဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | ပျမ်းမျှ Fire Hotspot အရေအတွက် (ခု) | တိုင်းဒေသကြီး/ ပြည်နယ် |
|---|---|---|
| (က) | > ၁၉,၀၀၀ | ရှမ်း |
| ( ခ ) | ၄,၃၀၀ – ၅,၀၀၀ | ချင်း၊ စစ်ကိုင်း |
| ( ဂ ) | ၃,၀၀၀ – ၃,၆၀၀ | ပဲခူး၊ မကွေး၊ ကချင်၊ ကရင် |
| (ဃ) | ၁,၀၀၀ – ၂,၁၀၀ | ရခိုင်၊ ကယား၊ ဧရာဝတီ၊ မန္တလေး၊ တနင်္သာရီ |
| ( င ) | ၄၀၀ – ၅၀၀ | ရန်ကုန်၊ မွန်၊ နေပြည်တော် |

(Source: ASEAN Specialized Meteorological Center – ASMC)

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော Fire Hotspot အရေအတွက် ဖြစ်သည့် ၅၁၀၉၁ ခုကို အခြေခံအဖြစ် သတ်မှတ်၍ ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ရာခိုင်နှုန်း ၂၀၊ ၂၀၂၇ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ၂၅ ရာခိုင်နှုန်း၊ ၂၀၂၉ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ၃၅ ရာခိုင်နှုန်း နှစ်အလိုက် လျှော့ချနိုင်ရေး ရည်မှန်းချက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ Fire Hotspot အရေအတွက် ၄၄၃၂၁ ခု ဖြစ်ပေါ်ခဲ့သဖြင့် ၂၀၂၄ ခုနှစ်က ကာလတူထက် ၁၂ ရာခိုင်နှုန်းနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ Fire Hotspot အရေအတွက် ၄၄၉၆၄ ခု ဖြစ်ပေါ်ခဲ့သဖြင့် ၂၀၂၄ ခုနှစ် ကာလတူထက် ၁၁ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပါသည်။

**Fire Hotspot ဖြစ်ပေါ်မှုနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု တားဆီးကာကွယ်ရေး**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် Fire Hotspot ဖြစ်ပေါ်မှုနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု တားဆီးကာကွယ်ရေး၊ နှစ်အလိုက် လျှော့ချနိုင်ရေး ရည်မှန်းချက်များ ပြည့်မီရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသခံပြည်သူများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ပူးပေါင်းပြီး အောက်ဖော်ပြပါလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်–

**(က) စောင့်ကြည့်စစ်ဆေးရေးနှင့် ကြိုတင်သတိပေးစနစ်များ မြှင့်တင်ခြင်း**

- ❖ ဂြိုဟ်တုအချက်အလက်များကို အသုံးပြု၍ မီးလောင်နိုင်ခြေ မြင့်မားသောနေရာများကို နေ့စဉ်စောင့်ကြည့်ခြင်း၊ Fire Hotspot များကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်၊ ခရိုင်၊ မြေပုံပေါ်တွင် ဖော်ပြပြီး ဦးစားပေး စောင့်ကြည့်ရမည့် နေရာများ သတ်မှတ်ခြင်း၊
- ❖ Fire Hotspot ဖြစ်ပေါ်မှုအား ASMC Website မှ အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်၍ မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့များမှ ကွင်းဆင်းစစ်ဆေးပြီး အသိပညာပေးခြင်း၊ အသိပေးခြင်း၊ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ Email ဖြင့် နေ့စဉ်ပေးပို့ အကြောင်းကြားခြင်း၊
- ❖ ASMC မှ မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်လာပါက အများပြည်သူ သိရှိနိုင်စေရေးအတွက် သတင်းစာများတွင် သတင်းထုတ်ပြန်ခြင်းနှင့် ဖုန်းအော်ပရေတာများမှတစ်ဆင့် SMS ပေးပို့ အသိပေးခြင်း၊
- ❖ လေထုအရည်အသွေးအညွှန်းကိန်း (AQI) နှင့် $PM_{2.5}$ အခြေအနေအပေါ် မူတည်၍ နေ့စဉ်သတင်းစာများ၊ Website နှင့် ဆိုရှယ်မီဒီယာများမှတစ်ဆင့် ကြိုတင်အသိပေးခြင်း။

**(ခ) သစ်တောမီးနှင့် မြေယာမီးရှို့မှုများကို ကြိုတင်ကာကွယ်ခြင်း**

- ❖ သစ်တောများအတွင်း မီးတားလမ်းများ၊ မီးကာတန်းများ၊ ရေရရှိနိုင်သောနေရာများနှင့် မီးငြိမ်းသတ်ရေးလမ်းကြောင်းများကို ကြိုတင်ဖောက်လုပ်ထားခြင်း၊
- ❖ သစ်တောများနှင့် နီးစပ်သော စိုက်ပျိုးမြေများတွင် ရိုးပြတ်များ မီးရှို့ခြင်းကြောင့်သစ်တောတွင်း မီးကူးစက်မှုမရှိစေရေး

စာမျက်နှာ ၇ သို့

> ❝ Fire Hotspot များနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများကို ထိရောက်စွာ တားဆီးကာကွယ်နိုင်ရန် "မီးလောင်ပြီးမှ မီးခိုးမြူငွေ့များကို စီမံခန့်ခွဲခြင်း"ထက် "မီးမလောင်စေရန် Fire Hotspot များ မဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်း"ကို ပိုမိုအလေးထားကြရမည်ဖြစ်ပါသည်။ ခြောက်သွေ့မှုက လောင်စာကို ပိုမိုခြောက်သွေ့စေပြီး အပူချိန်မြင့်တက်မှုက မီးလောင်နိုင်ခြေကို တိုးမြင့်စေနိုင်ပါသည်။ မီးလောင်ခြင်းမှ ထွက်ရှိသည့် မီးခိုးနှင့် အလွန်သေးငယ်သောအမှုန်အမွှားများ၊ $PM_{2.5}$ များသည် လေတိုက်ခတ်မှုနှင့်အတူ ရွေ့လျားသွားပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဖြစ်စဉ်များ ဖြစ်ပေါ်လာခြင်းဖြစ်သဖြင့် မီးမလောင်စေရန်၊ Fire Hotspot များ မဖြစ်စေရန် ကြိုတင်ကာကွယ်ကြရမည် ❞

# စာပေဗိမာန်တည်ထောင်ခြင်း နှစ်(၈၀)ပြည့် ဂုဏ်ပြုအကြို စာတမ်းဖတ်ပွဲကျင်းပ
# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း တက်ရောက်





**ရန်ကုန် အောက်တိုဘာ ၂၀**

စာပေဗိမာန်တည်ထောင်ခြင်း နှစ် (၈၀) ပြည့်ဂုဏ်ပြုအကြို စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ စာဆိုဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**စဉ်ဆက်မပြတ်ထုတ်ဝေ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် စာပေသစ္စာတရားကို အခြေခံလျက် စွမ်းအားထက်မြက်သည့် ပြည်သူ့အကျိုးပြု စာကောင်းပေမွန်များကို စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိခြင်းနှင့်မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာစိုက်ထုတ်ကာ မဆုတ်မနစ် ဆောင်ရွက်ပေးလျက်ရှိသော "စာပေဗိမာန်"သည် လာမည့် ၂၀၂၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ဂုဏ်ယူဖွယ်ရာ သက်တမ်း (၈၀) ပြည့်မြောက်တော့မည်ဖြစ်ပါကြောင်း၊ စာပေဗိမာန်သည် လမ်းညွှန်မှုနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုမည့် စာကောင်းပေမွန်များကို အရှိန်အဟုန်မပျက် ပြန်လည်ထုတ်ဝေလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် စာပေပညာရှင် ဆရာကြီးဦးခင်စိုး (စိုးစိုး-ပန်းတောင်း)က "ကျွန်တော့်ဘဝထဲက စာပေဗိမာန်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာပေပညာရှင် ဆရာကြီး ဦးမောင်လှိုင် (မောင်ဆွေငယ်)က "မြန်မာစာပေသမိုင်း၊ စာနယ်ဇင်းသမိုင်းနှင့် စာပေဗိမာန်" ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းများကို အသီးသီး ဖတ်ကြားတင်ပြခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ဖတ်ကြားခဲ့သည့် စာတမ်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာတမ်းဖတ်ကြားခဲ့ကြသည့် စာပေပညာရှင် ဆရာကြီးနှစ်ဦးနှင့် သဘာပတိတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ရုပ်ရှင်ဆင်ဆာအဖွဲ့ ဥက္ကဋ္ဌက ရုပ်ရှင်ဆင်ဆာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။

**အလေးထားစိစစ်ဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ တွေ့ဆုံဆွေးနွေးရခြင်းသည် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသည့် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများကို ပြဋ္ဌာန်းထားသည့် ရုပ်ရှင်ဥပဒေနှင့်အညီပြသနိုင်ရန် ဆောင်ရွက်ပေးနေသည့် ဆင်ဆာအဖွဲ့ဝင်များနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ရုပ်ရှင်အနုပညာဖန်တီးမှုများသည် စိတ်ကူးဉာဏ်စွမ်းဖြင့် တီထွင်ကြံဆ ဖန်တီးရသော ပညာရပ်ဖြစ်၍ အချို့အနုပညာဖန်တီးမှုများသည် လွန်ကဲသောဖန်တီးမှုမျိုးဖြစ်ပါက ပြည်သူများအတွက် အဆိပ်အတောက်ဖြစ်နိုင်သော အနုပညာဖန်တီးမှုဖြစ်သွားနိုင်ပါကြောင်း၊ ဖန်တီးထားသည့် ရုပ်ရှင်ဇာတ်ကားများကို ပြည်သူများထံ အဆိပ်အတောက်ကင်းကင်းဖြင့် ရောက်ရှိနိုင်ရန်အတွက် မူလဖန်တီးထုတ်လုပ်သော အနုပညာရှင်များက သတိဝီရိယကြီးစွာ ဖန်တီးရန်လိုအပ်သလို ဆင်ဆာအဖွဲ့ဝင်များအနေဖြင့်လည်း စိစစ်အကဲဖြတ်ပေးရန်လိုအပ်ပါကြောင်း၊ ဆင်ဆာအဖွဲ့ဝင်များသည် ဇာတ်ကားများကို စိစစ်ရာတွင် ရုပ်ရှင်ဥပဒေ ပြဋ္ဌာန်းချက်ပါ အချက်များအပေါ် အခြေခံ၍ ချမှတ်ထားသော မူဝါဒနှင့်အညီ စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကိုလည်း အလေးထားစိစစ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

---

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၀**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

---

*စာမျက်နှာ ၆ မှ*

ကြပ်မတ်ဆောင်ရွက်နိုင်ရန် ကျေးရွာများတွင် မီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊

❖ ဒေသခံ ကင်းလှည့်အဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ခေတ်မီ မီးငြိမ်းသတ်ရေးကိရိယာများ ပံ့ပိုးပေးခြင်းနှင့် မီးငြိမ်းသတ်ရေးသင်တန်းများ ဖွင့်လှစ်၍ အဆင်သင့်ပြင်ဆင်ထားရှိခြင်း၊

❖ မီးသတ်ယာဉ်၊ ရေသယ်ယာဉ်၊ ရေစုပ်စက်၊ ကျောပိုးရေဖျန်းစက်၊ မီးရိုက်တံနှင့် တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းများကို ကြိုတင်အသင့်ပြင်ဆင်ထားခြင်း၊ မီးငြိမ်းသတ်ရေးသင်တန်းများ ဖွင့်လှစ်သင်တန်းပေးခြင်း၊

❖ စိုက်ပျိုးရေးအကြွင်းအကျန်များကို မီးရှို့ဖျက်ဆီးခြင်းမပြုစေဘဲ မြေဆွေးပြုလုပ်ခြင်း၊ မြေဖုံးပစ္စည်းအဖြစ် အသုံးပြုခြင်း၊ တိရစ္ဆာန်အစာနှင့် ဇီဝစွမ်းအင်အဖြစ် ပြန်လည်အသုံးချခြင်း၊ ဒေသခံပြည်သူများကို အသိပညာပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် အားပေးကူညီပံ့ပိုးဆောင်ရွက်ခြင်း၊

❖ တောမီးကင်းလှည့်အဖွဲ့များ၊ ရပ်ရွာအခြေပြု မီးဘေးကာကွယ်ရေးအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းအဖွဲ့များကို ဖွဲ့စည်းလေ့ကျင့်ပေးခြင်း။

**(ဂ) မီးခိုးမြူငွေ့ညစ်ညမ်းမှုကို စောင့်ကြည့်ထိန်းချုပ်ခြင်း**

❖ **$PM_{2.5}$၊ $PM_{10}$၊ ကာဗွန်မိုနောက်ဆိုက်၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ အိုဇုန်းနှင့် အခြားအဆိပ်အတောက် ဖြစ်စေသည့် ဓာတ်ငွေ့များနှင့်** အခြားလေထုညစ်ညမ်းပစ္စည်းများကို စောင့်ကြည့်တိုင်းတာခြင်း၊

❖ မြို့ကြီးများ၊ စက်မှုဇုန်များ၊ မီးလောင်မှုများသော ဒေသများနှင့် နယ်စပ်ဒေသများတွင် လေထုအရည်အသွေး တိုင်းတာရေးစခန်းများနှင့် လေအရည်အသွေး တိုင်းတာခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း။

**(ဃ) ဥပဒေအရအရေးယူဆောင်ရွက်ခြင်း**

❖ အယ်လ်နီညိုကာလအတွင်း စိုက်ပျိုးမြေပြုပြင်ခြင်းအတွက် မီးရှို့မှုများ လျှော့ချနိုင်ရေး သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းနှင့် ဒေသအခြေအနေများနှင့်အညီ တားမြစ်/ ကန့်သတ်မှုများ ချမှတ်၍ ကြပ်မတ်ဆောင်ရွက်ခြင်း၊

❖ သစ်တောများအတွင်း မီးအသုံးမပြုရ ကာလသတ်မှတ်ခြင်း၊

❖ သစ်တောများအတွင်း မဆင်မခြင် မီးရှို့ခြင်းအား ဥပဒေအရ အရေးယူခြင်း၊

❖ လမ်းသွားရင်း ဆေးလိပ်မီး မဆင်မခြင် စွန့်ပစ်ခြင်းကို တားမြစ်ခြင်း၊

❖ လဟာပြင်အမှိုက် မီးရှို့ခြင်းကို တားမြစ်ခြင်း။

**(င) ပြည်သူ့ကျန်းမာရေးနှင့် အသိပညာပေးလုပ်ငန်းများ**

❖ လေထုညစ်ညမ်းမှုမြင့်မားချိန်တွင် ထိခိုက်လွယ်အုပ်စုများအတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနများနှင့် ပူးပေါင်း၍ ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ခြင်း၊

❖ တောမီး၏ဆိုးကျိုးများနှင့် မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးထိခိုက်မှုများကို အများပြည်သူသိရှိအောင် ပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊

❖ မီးခိုးမြူငွေ့ထူထပ်သည့်အချိန်တွင် ပြင်ပလှုပ်ရှားမှုများ လျှော့ချခြင်း၊ သင့်လျော်သော အသက်ရှူလမ်းကြောင်းကာကွယ်ရေးပစ္စည်းများကိုအသုံးပြုခြင်းအပါအဝင် မီးရှို့ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးအပေါ် သက်ရောက်မှုများကို ရပ်ရွာအခြေပြု ပညာပေးအစီအစဉ် များဖြင့် အသိပညာပေးခြင်း။

**(စ) ဒေသတွင်း/ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်း**

❖ **အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။** မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution- AATHP) တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံနှင့် ၂၀၁၇ ချင်းရိုင်လုပ်ငန်းစီမံချက် (Chiang Rai Plan of Action 2017)တို့နှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသခွဲနိုင်ငံများနှင့် ပူးပေါင်း၍ Fire Hotspot ဖြစ်ပေါ်မှု လျှော့ချရေးနှင့် နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

❖ **CLEAR Sky Strategy (2024–2030) အကောင်အထည်ဖော်ရေး အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။** မီးခိုးမြူငွေ့ကင်းစင်သော ကောင်းကင်ဖြစ်စေရေး ၃ နိုင်ငံ ပူးတွဲလုပ်ငန်းစီမံချက် (Joint Plan of Action – CLEAR Sky Strategy)ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ထုတ်ပြန်၍ မြန်မာနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့ ပူးပေါင်းပြီး (က) မီးလောင်ကျွမ်းမှု ထိန်းချုပ်ရေးနှင့် ငြိမ်းသတ်ရေးစနစ်၊ (ခ) ကြိုတင်ခန့်မှန်းခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းစနစ်၊ (ဂ) ရေရှည်တည်တံ့သော စိုက်ပျိုးရေးစီမံခန့်ခွဲမှုစနစ်နှင့် (ဃ) မူဝါဒ၊ ဥပဒေချမှတ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**Fire Hotspot နှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ဖို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့**

Fire Hotspot များနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများကို ထိရောက်စွာ တားဆီးကာကွယ်နိုင်ရန် **"မီးလောင်ပြီးမှ မီးခိုးမြူငွေ့များကို စီမံခန့်ခွဲခြင်း"**ထက် **"မီးမလောင်စေရန် Fire Hotspot များ မဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်း"**ကို ပိုမိုအလေးထားကြရမည်ဖြစ်ပါသည်။ ခြောက်သွေ့မှုက လောင်စာကို ပိုမိုခြောက်သွေ့စေပြီး အပူချိန်မြင့်တက်မှုက မီးလောင်နိုင်ခြေကို တိုးမြင့်စေနိုင်ပါသည်။ မီးလောင်ခြင်းမှထွက်ရှိသည့် မီးခိုးနှင့် အလွန်သေးငယ်သော အမှုန်အမွှားများ၊ $PM_{2.5}$ များသည် လေတိုက်ခတ်မှုနှင့်အတူ ရွေ့လျားသွားပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဖြစ်စဉ်များ ဖြစ်ပေါ်လာခြင်းဖြစ်သဖြင့် မီးမလောင်စေရန်၊ Fire Hotspot များ မဖြစ်စေရန် ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။

တောင်ယာမီးရှို့ခြင်းများ၊ တောမီးလောင်ကျွမ်းခြင်းများနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းနှင့် အမှိုက်မီးရှို့ခြင်းများ လျှော့နည်းကျဆင်းစေရေးအတွက် Fire Hotspot နှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု အများဆုံးဖြစ်ပေါ်သည့်ကာလ၊ နေရာဒေသ၊ မြေအသုံးချမှုအမျိုးအစားဆိုင်ရာ အချက်အလက်များ၊ ရာသီဥတုအခြေအနေများကို အခြေခံပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများအား ပံ့ပိုးကူညီခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ဥပဒေနှင့်အညီ စဉ်ဆက်မပြတ် ထိန်းသိမ်းကြပ်မတ်ခြင်း၊ တောမီးအပါအဝင် မီးလောင်ကျွမ်းမှုများအတွက် ငြိမ်းသတ်မည့် အစီအစဉ်နှင့် ကာကွယ်ရေးအစီအမံများကြိုတင်ပြင်ဆင်ခြင်း၊ ဒေသခံပြည်သူများ၊ ဆက်စပ်ဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုများ လျှော့နည်းကျဆင်းစေရန်အတွက် ထိရောက်စွာ ထိန်းချုပ်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အမျိုးသမီးရေးရာဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ရေးဆွဲထားရှိ



**နေပြည်တော် အောက်တိုဘာ ၂၀**
ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ပါဝင်သည့် ကျေးရွာများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ ကူးစက်/မကူးစက်ရောဂါများ ကာကွယ်ရေး၊ အာဟာရနှင့် မျိုးဆက်ပွားကျန်းမာရေး၊ ပညာရေး၊ သက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရရှိရေး၊ သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေး စသည့်ကဏ္ဍ (၆)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဗဟိုအဆင့် သင်တန်းဖွင့်ပွဲမှ သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Hotel Amara ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က အမျိုးသမီးရေးရာဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကို ရေးဆွဲထားရှိပြီးဖြစ်ပြီး ပထမအဆင့် စီမံချက်အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ကျေးရွာ ၄၅ ရွာအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အမျိုးသမီးရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ ပါဝင်တက်ရောက်ကြကာ သင်တန်းပြီးစီးပါက သက်ဆိုင်ရာကျေးရွာများတွင် ရွေးချယ်ထားသော ဆယ်အိမ်စုစေတနာ့ဝန်ထမ်း အမျိုးသမီးများကို သင်တန်းများ ဆက်လက်ပို့ချပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပသည့် အာရှဒေသယဉ်ကျေးမှုအမွေအနှစ်မဟာမိတ်အဖွဲ့ (Alliance for Cultural Heritage in Asia-ACHA) စတုတ္ထအကြိမ်မြောက် ကောင်စီအစည်းအဝေးသို့ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း တက်ရောက်



**နေပြည်တော် အောက်တိုဘာ ၂၀**
အာရှဒေသယဉ်ကျေးမှုအမွေအနှစ် မဟာမိတ်အဖွဲ့ (Alliance for Cultural Heritage in Asia–ACHA) စတုတ္ထအကြိမ်မြောက် ကောင်စီအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်က ကျင်းပခဲ့ရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း ပါဝင်တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ဟန်ကျိုးမြို့ Liangzhu Narada Resort ရှိ အစည်းအဝေးခန်းမ၌ တရုတ်နိုင်ငံ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲရေးဌာန အကြီးအကဲ Mr. Qiao Yunfei နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ACHA ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝသော နိုင်ငံများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကိုသာမက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုပါ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အထူးအလေးပေးဆောင်ရွက်နေသကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ဖြစ်သော "သနပ်ခါးယဉ်ကျေးမှုဓလေ့" အား ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေး အဆိုပြုတင်ပြထားရာ ယခုနှစ် ဒီဇင်ဘာလတွင် အဆုံးအဖြတ်ပေးမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့အတူ Mr. Qiao Yunfei က တရုတ်–မြန်မာနှစ်နိုင်ငံ၏ တူညီသော ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ရှေးဟောင်းပေစာမှတ်တမ်းများအား ကာကွယ်ထိန်းသိမ်းခြင်းအစီအစဉ်နှင့် သဘာဝဘေးအန္တရာယ် မကျရောက်မီ၊ ကျရောက်ဆဲ၊ ကျရောက်ပြီး ကာလများအတွက် စီမံခန့်ခွဲမှုလက်တွေ့သင်ကြားပေးခြင်း အစီအစဉ်များသည် ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များအတွက် အထူးပင်အကျိုးရှိသော ကိစ္စရပ်များဖြစ်သောကြောင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဟန်ကျိုးမြို့ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် လျန်ကျူးရှေးဟောင်းမြို့နှင့် လျန်ကျူးပြတိုက်တို့ကို သွားရောက်လေ့လာခဲ့သည်။

အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် Inter Continental Hangzhou Liangzhu ရှိ Jade Cong Ballroom ၌ ကျင်းပသည့် အာရှဒေသယဉ်ကျေးမှုအမွေအနှစ်မဟာမိတ်အဖွဲ့(ACHA) စတုတ္ထအကြိမ်မြောက် ကောင်စီအစည်းအဝေးဖွင့်ပွဲသို့ ပါဝင်တက်ရောက်သည်။

ဆက်လက်၍ Liangzhu 5000+ Art and Creative Park တွင် "တရုတ်ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ အစိတ်အပိုင်းများကို အတုယူဆန်းသစ်ထားသည့် ဒီဇိုင်းဖန်တီးမှုဖြင့် အမွေအနှစ်များကို ပြန်လည်ရှင်သန်စေခြင်းနှင့် ယဉ်ကျေးမှုဖလှယ်မှုဖြင့် လူ့ယဉ်ကျေးမှုများကို ချိတ်ဆက်ခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှု အထူးပြပွဲနှင့် ဈေးရောင်းပွဲတော်ကို သွားရောက်လေ့လာခဲ့သည်။

ညနေပိုင်းတွင် Liangzhu Narada Resort ရှိ Narada Hall ၌ ကျင်းပသည့် အာရှဒေသယဉ်ကျေးမှုအမွေအနှစ်မဟာမိတ်အဖွဲ့ စတုတ္ထအကြိမ်မြောက် ကောင်စီအစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ယဉ်ကျေးမှုဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် သံအမတ်များက သက်ဆိုင်ရာနိုင်ငံများကိုယ်စား အမှာစကားပြောကြားကြပြီး "အန္တရာယ်ကျရောက်နေသော ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးကာ မြန်မာနိုင်ငံ၊ အီရန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် International Alliance for the Protection of Heritage(ALIPH) အဖွဲ့အစည်းတို့က တစ်နိုင်ငံချင်းအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၉ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်ပံတန်းမြို့နယ် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးဆွေးနွေး

**လက်ပံတန်း အောက်တိုဘာ ၂၀**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာအုပ်စုတွင် ယမန်နေ့နံနက်ပိုင်းက ဆောင်းနေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဆွေးနွေးပွဲ ဆောင်ရွက်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့က စိုက်နည်းစနစ်မှန်ကန်စေရေး၊ ဝတ်မှုန်ကူးနိုင်ရန်အတွက် ပျားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရေး၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ အချိန်ကိုက် အချိုးကျထည့်သွင်းရေး၊ ရေဆင်းပေါ်ဆန်း–၁၊ ရေဆင်းပေါ်ဆန်း–၂ စပါးမျိုးများကို နွေစပါးရာသီတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တောင်သူများအသုံးပြုနေသော အမိုနီယမ်ဆာလဖိတ် ဓာတ်မြေဩဇာကို သုံးစွဲရာတွင် မိမိတို့ စိုက်ပျိုးမြေ၏ ချဉ်ငန်ကိန်း၊ စိုက်ပျိုးသည့် သီးနှံအမျိုးအစားပေါ်မူတည်၍ ထည့်သွင်းသင့်သည့်ပမာဏကို စိုက်ပျိုးရေးပညာရှင်များနှင့် မြေဆီလွှာပညာရှင်များ၏ ထောက်ခံအကြံပြုချက်ရယူ၍ အသုံးပြုရန်လိုအပ်ကြောင်းနှင့်ဆောင်းဆီထွက်သီးနှံ ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး တောင်သူများအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



ကယားပြည်နယ် လွိုင်ကော်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပန်ကန်းကျေးရွာအုပ်စု ဗေဒါလမ်းကျေးရွာအဝင်လမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၀ ရက်က ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူနှင့် တာဝန်ရှိသူများ အရည်အသွေးစစ်ဆေးတိုင်းတာရေးကိရိယာများဖြင့် တိုင်းတာစစ်ဆေးစဉ်။ သန်းလွင်(မကွေး)


## ရေချွေတာရေး နည်းလမ်းများ

- ❆ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❆ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❆ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❆ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❆ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကဲဖြတ်ပညာရှင်များနှင့် တွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၀

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် အကဲဖြတ် အမှတ်ပေးကြမည့် အကဲဖြတ်ပညာရှင်များကို ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ စည်ပင်ဧည့်ရိပ်သာ၌ သွားရောက်တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ရာသီဥတုအခြေအနေတွင် ကျန်းမာရေးကို အထူးဂရုစိုက်ကြစေလိုပါကြောင်း၊ အကဲဖြတ် အမှတ်ပေးရာတွင်လည်း သမာဓိရှိစွာ အကဲဖြတ်ပေးစေလိုပါကြောင်း ပြောကြားပြီး သက်ဆိုင်ရာ အဆို၊ အက၊ အရေး၊ အတီးနှင့် ဇာတ်တော်ကြီး၊ ရုပ်သေးဇာတ်တော်ကြီးအဖွဲ့ ခေါင်းဆောင်များက မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက အကဲဖြတ် ပညာရှင်ကြီးများကိုယ်စား အဆို၊ အက၊ အရေး၊ အတီး အကဲဖြတ်ဥက္ကဋ္ဌများနှင့် ဇာတ်တော်ကြီး၊ ရုပ်စုံသဘင် အကဲဖြတ်အဖွဲ့ခေါင်းဆောင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။(ယာပုံ)

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားတက်ရောက်၊ ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းပြီးစီးမှုများ ကြည့်ရှုစစ်ဆေး

ဖလမ်း အောက်တိုဘာ ၂၀

စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲကို နိုင်ငံတော်၏ အနာဂတ်သားကောင်းရတနာများ ဗလငါးတန်နှင့်ပြည့်စုံဖွံ့ဖြိုးသည့် ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရန်၊ စာဖတ်သည့်ဝါသနာနှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ပိုမိုတိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းမှ ရရှိလာသည့် အသိပညာဗဟုသုတများကို လက်တွေ့အသုံးချနိုင်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။



အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်၊ ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်အတူ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က အမှာစကား ပြောကြားပြီး အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ပထမဆုရ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဘွဲလျန်ထန်းနှင့်အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ပထမဆုရ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဆွီးငွန်မန်းတို့က ကျပန်းစကားပြော တင်ဆက်ကြသည်။

ထို့နောက် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ယနေ့နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ ဦးစီးအရာရှိ(မြို့ပြ) နေအိမ်၊ (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာနှစ်လုံး ပြုပြင်ပြီးစီးမှုအခြေအနေနှင့် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး၊ ဝန်ထမ်းအိမ်ရာပြုပြင်ပြီးစီးမှုအခြေအနေများနှင့် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများအား နိုင်ငံတော်မှ အကုန်အကျခံကာ ပြန်လည်ပြုပြင်ပေးပြီးဖြစ်သည့်အတွက် အဆောက်အအုံများကို အကျိုးရှိရှိအသုံးချ ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ အခြေခံအဆောက်အအုံများကို ပြန်လည်ပြုပြင်တည်ဆောက်၍ ကောင်းမွန်လာပြီဖြစ်သည့်နည်းတူ ဝန်ထမ်းများ၏ စိတ်ဓာတ်စည်းကမ်း ကောင်းမွန်အောင်နေထိုင်ရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန် လူငယ်မောင်မယ်များ ဗီယက်နမ်နိုင်ငံသို့ လေ့လာခရီးထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၂၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား/သမီး ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူလေ့လာနိုင်စေရန်အတွက် ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်ရာ အဆိုပါ လေ့လာရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။



အဆိုပါ ထူးချွန်လူငယ်များပါဝင်သည့် လေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် တင်မင်းလတ်နှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး လိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ထူးချွန်လူငယ်များပါဝင်သည့် လေ့လာရေးအဖွဲ့တွင် စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင်သား၊ သမီးများမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အမှတ်အများဆုံး ရရှိသော ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး လူရည်ချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူ ခုနစ်ဦး၊ ဂုဏ်ထူး သုံးဘာသာဖြင့် အောင်မြင်သောစစ်သည် နှစ်ဦး၊ ကျောင်းအုပ်ကြီး တစ်ဦး၊ အုပ်ချုပ်မှုတာဝန်ခံလေးဦး စုစုပေါင်း ၃၀ တို့ ပါဝင်ကြပြီး ဗီယက်နမ်နိုင်ငံ၌ အောက်တိုဘာ ၂၆ ရက်အထိ လေ့လာရေးခရီးစဉ်ကာလအတွင်း ဗီယက်နမ်နိုင်ငံရှိ FPT Software Center နှင့် viettel Academy၊ ဗီယက်နမ် Data Base စီမံခန့်ခွဲရေးကုမ္ပဏီ၏ Data Center ၊ ဗီယက်နမ်နိုင်ငံ၏ ပထမဆုံး တက္ကသိုလ် (Quoc Tu Giam) ရှိ စာပေဗိမာန်(Temple Of litera-ture)၊ ဗီယက်နမ်နိုင်ငံ၏သက်တမ်းအရင့်ဆုံး ဘုရားကျောင်းများထဲမှ တစ်ဆူဖြစ်သည့် West Lake ရှိ ဗုဒ္ဓဘာသာဝင်တို့၏ Tran Quoc ဘုရားကျောင်း၊ ရှေးဟောင်းမြို့တော်(Hoa Lu)မြို့၊ ကမ္ဘာ့အမွေအနှစ်နေရာများဖြစ်သည့် Trang An(ထရန်အန်)၊ Holong Bay နှင့် အခြား အထင်ကရနေရာများသို့ သွားရောက်လေ့လာ လည်ပတ်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

တပ်မတော် အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သား မိသားစုဝင်သား၊ သမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သား၊ သမီးနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန်လူငယ်များအား ၂၀၂၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်တန်းမြို့နယ်၌ သက်တံ့ရောင်စီမံကိန်းဖြင့် စိုက်ပျိုးခဲ့သည့် မိုးစပါးရိတ်သိမ်း

ကျောက်တန်း အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သောင်ကြီးကျေးရွာ၌ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ လူမှုစီးပွားမြှင့်တင်ရေး သက်တံ့ရောင်စီမံကိန်းဖြင့် စိုက်ပျိုးဆောင်ရွက်ခဲ့သည့် မော်ဘီ ၃ မိုးစပါးရိတ်သိမ်းနေမှုကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးရာ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ လူမှုစီးပွားမြှင့်တင်ရေး သက်တံ့ရောင်စီမံကိန်းဖြင့် မော်ဘီ ၃ မိုးစပါးရိတ်သိမ်းစိုက်ပျိုးခဲ့သည့် သောင်ယံဦးလယ်ယာနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းမှ အသင်းသား ၂၁ ဦး၊ စိုက်ဧက ၆၇ဧက စိုက်ပျိုးနေမှုကိုမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ခိုင်နှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

# အယ်လ်နီညိုနှင့် ကျန်းမာရေးအသိ၊ သတိ

မြင့်မောင်စိုး

အခုရက်ပိုင်းအတွင်း ကိုယ့်ပတ်ဝန်းကျင်မှာ အပူချိန်မြင့်တက်မှုကြောင့် ဖျားနာကြတာကအစ၊ သေဆုံးတဲ့သတင်းတွေလည်း ကြားသိရတော့ အတော်လေး စိတ်မကောင်း ဖြစ်မိပါတယ်။ အကြောင်းကတော့ ပြင်းထန်တဲ့ အယ်လ်နီညိုရာသီဥတုရဲ့ ရိုက်ခတ်မှု အစလို့ ဆိုရမလားမသိပါဘူး။ အယ်လ်နီညို ရာသီဥတုကတော့ စတင်နေပါပြီ။ အဲဒီတော့ အယ်လ်နီညိုဆိုတာ ဘာလဲ၊ ဘယ်လိုဖြစ်တာလဲ ကျွန်တော်တို့အားလုံး သိဖို့လိုပါတယ်။ အယ်လ်နီညိုကို သိထားမှ ဘယ်လိုနေ၊ ဘယ်လိုသွား၊ ဘယ်လိုစားဆိုတာ သိမှာကိုး။

### အယ်လ်နီညိုဖြစ်စဉ်

တကယ်တော့ အယ်လ်နီညိုဆိုတာ ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနဲ့ အရှေ့ပိုင်းရှိ ပင်လယ်ရေမျက်နှာပြင် အပူချိန် ပုံမှန်ထက် မြင့်တက်လာတဲ့ သဘာဝရာသီဥတု ဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ကြောင့် ကမ္ဘာတစ်ဝန်း ရာသီဥတုပုံစံတွေ ပြောင်းလဲနိုင်ပြီး တချို့ဒေသတွေမှာ အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်းနဲ့ တချို့ဒေသတွေမှာ မိုးသည်းထန်စွာ ရွာသွန်းခြင်းတွေဖြစ်ပေါ်နိုင်တယ်လို့ ပညာရှင်များက ဆိုထားပါတယ်။ ဒီလိုပြင်းထန်တဲ့ အယ်လ်နီညိုရာသီဥတုဟာ ယခု ၂၀၂၆ ခုနှစ် အောက်တိုဘာလမှ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအထိ ဖြစ်ပေါ်လိမ့်မယ်လို့ သိရပါတယ်။

အဲဒါကြောင့် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ဟာ ယခုအချိန်မှစပြီးဖြစ်ပေါ်နေပြီ၊ အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာမယ့်အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးထိခိုက်မှုတွေ မဖြစ်ရလေအောင် အသိ၊ သတိနဲ့နေထိုင်သွားလာကြရမှာဖြစ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကရော ပညာရှင်တွေကပါ တိုက်တွန်းပြောကြားလျက်ရှိပါတယ်။ တစ်ခုကောင်းတာက ဒီနှစ် အယ်လ်နီညို အမြင့်ဆုံးအခြေအနေကို ရောက်ရှိမယ်လို့ ဆိုထားတဲ့ အချိန်ဟာ မြန်မာနိုင်ငံရဲ့ဆောင်းရာသီကာလပါ။ ဒါကြောင့် ပညာရှင်တချို့က ဆောင်းတွင်း နွေရာသီလို့တောင် တင်စားပြောဆိုနေကြပါတယ်။ ဆောင်းတွင်းကာလဖြစ်ပေမယ့် ပုံမှန်ထက်ပူပြင်းနိုင်တာမို့ ပူပြင်းမှုပြင်းထန်တဲ့ မြန်မာပြည်အထက်ပိုင်းက မြို့ရွာတွေ ပိုမိုသတိထားသင့်ပါတယ်။

### အလွန်အားကောင်းသော အယ်လ်နီညို

အမေရိကန်အမျိုးသားသမုဒ္ဒရာနဲ့ လေထုဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ (NOAA)ရဲ့ အဆိုအရ အယ်လ်နီညိုဟာ နှစ်နှစ်မှ သုံးနှစ်အတွင်း တစ်ကြိမ်ဖြစ်ပေါ်လေ့ရှိတယ်ဆိုပေမယ့် ဖြစ်ပွားချိန်ကာလကတော့ မတူပါဘူး။ အယ်လ်နီညိုကို NOAA ရဲ့ အဆိုအရ သုံးမျိုး သုံးစား လေ့လာတွေ့ရှိရပါတယ်။ အယ်လ်နီညို ဖြစ်ပွားသောကာလ၊ အားကောင်းသော ဖြစ်စဉ်၊ အလွန်အားကောင်းသောဖြစ်စဉ်ဆိုပြီး ဖြစ်ပါတယ်။ ယခုနှစ်ဖြစ်ပွားတဲ့ အယ်လ်နီညိုကတော့ အလွန်အားကောင်းသောဖြစ်စဉ်ပါ။ ဒါ့ကြောင့် စူပါအယ်လ်နီညိုလို့တောင် ပြောဆိုနေကြပါတယ်။

### အပူလျှပ်ခြင်း

ကျန်းမာရေးပညာရှင်တွေရဲ့ အဆိုအရ ဒီလို အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်နိုင်တဲ့ ကျန်းမာရေးအခြေအနေ နှစ်မျိုးရှိပါတယ်။ Heat Stroke လို့ခေါ်တဲ့ အပူလျှပ်ခြင်းနဲ့ Heat Exhaustion (အပူချိန်များပြီး အားနည်းခြင်း)တို့ပဲ ဖြစ်ပါတယ်။ အပူလျှပ်တယ်ဆိုတာ အပူချိန်မြင့်တက်မှုကြောင့် ချွေးမထွက်တော့ဘဲ ခန္ဓာကိုယ်မှာ ပူစပ်ပူလောင်ကြီးဖြစ်ပြီး နေထိုင်မကောင်းဖြစ်တာပါ။ တစ်နည်းအားဖြင့် အပူလွန်ကဲမှုကြောင့် နာဖျားခြင်းဖြစ်ပါတယ်။

အပူလွန်ကဲမှုကြောင့် ခန္ဓာကိုယ်မှာ အပူအအေး ထိန်းညှိတဲ့စနစ် ထိခိုက်ပျက်စီးသွားတာလို့ ကျန်းမာရေးပညာရှင်တွေက ဆိုပါတယ်။ အရေးအကြီးဆုံး တစ်ချက်က အဲဒီလို အပူလျှပ်ပြီဆိုရင် ပါရာစီတမော ဆေးပြားကို မသောက်သင့်ဘူးလို့ ဆရာဝန်တွေက ပြောဆိုထားတာ သတိပြုမိပါတယ်။ အပူချိန်လွန်ကဲမှုကြောင့် အချိန်ကြာမြင့်စွာ ပန်ကာဖွင့်နေထိုင်တာတွေလည်း ချွေးမထွက်တော့ဘဲ အပူလျှပ်ခြင်းကို ဖြစ်စေနိုင်တာကြောင့် သတိပြုစရာပါ။ နေပူထဲကပြန်လာပြီး ပန်ကာအောက်မှာ အချိန်ကြာမြင့်စွာနေမယ်ဆိုရင် အပူလျှပ်ဖို့ သေချာပါတယ်။ ပန်ကာလေကို ခဏတာ ချွေးမခြောက်မီ အအေးခံတာက ပြဿနာမရှိနိုင်ပေမယ့် ကြာရှည်စွာ အအေးခံပါက အပူလျှပ်တာ ဖြစ်နိုင်ပါတယ်။ တကယ်လို့ အပူလျှပ်ပြီဆိုရင် အေးပြီး လေဝင်လေထွက်ကောင်းတဲ့နေရာမှာ နေထိုင်သင့်ကြောင်း၊ နေထိုင်လို့မှ မသက်သာရင် နီးစပ်ရာ ဆေးရုံဆေးခန်းကို အမြန်ဆုံးသွားရောက်ပြီး ကုသမှုခံယူသင့်ကြောင်း ဆရာဝန်တွေက လမ်းညွှန်ထားပါတယ်။

### နေပူထဲအလုပ် လုပ်သူတွေသတိထား

Heat Exhaustion လို့ ခေါ်တဲ့အပူချိန်များပြီး အားနည်းခြင်းဆိုတာကတော့ အများစုက နေပူထဲ အလုပ်လုပ်တဲ့သူတွေမှာ ဖြစ်တတ်ပါတယ်။ တစ်ခါက အီရတ်စစ်မြေပြင်မှာ အလွန်ပူပြင်းတာကြောင့် တပ်ဖွဲ့ဝင်တွေ Heat Exhaustion ဖြစ်တဲ့ဒဏ်တွေကို ပြင်းပြင်းထန်ထန်ခံစားရတယ်လို့ မှတ်သားဖူးပါတယ်။ ဒါကတော့ သာဓကတစ်ခုပါ။ ဆိုလိုတာကတော့ အခုအချိန်မှာ နေပူစပ်ခါးထဲမှာ ပြင်းပြင်းထန်ထန် အလုပ်လုပ်ရသူတွေ သတိထားစရာကောင်းတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ တကယ်တော့ အပူလျှပ်တာပဲဖြစ်ဖြစ်၊ အပူကြောင့်အားနည်းတာလို့ဆိုဆို နှစ်ခုစလုံးက အပူချိန်ပြင်းထန်မှုကြောင့် ဖြစ်ရတာဖြစ်လို့ နေ့လယ်နေ့ခင်း နေပူထဲသွားလာမှုကို သတိပြုရမှာဖြစ်ပါတယ်။

### ရှေ့ပြေးလက္ခဏာ

အပူလျှပ်ခြင်း မဖြစ်မီ ရှေ့ပြေးလက္ခဏာတွေအဖြစ် ချွေးထွက်လွန်ခြင်း၊ ခေါင်းမူးခေါင်းကိုက်ဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ကာ ပျို့အန်လိုစိတ်ဖြစ်ခြင်း၊ နှလုံးတုန် ကြွက်တက်ခြင်း စတာတွေ ဖြစ်တတ်ကြောင်း ဆရာဝန်တွေက သတိပေးပြောဆိုထားပါတယ်။ ဒါက ရှေ့ပြေးလက္ခဏာတွေအဖြစ် ပြောတာပါ။

အသက်အန္တရာယ်ရှိနိုင်တဲ့အဆင့် ရှိပါသေးတယ်။ အဲဒါတွေကတော့ ခန္ဓာကိုယ်မှ ချွေးလုံးဝမထွက်တော့ခြင်း၊ အသားအရေပူစပ်ပြီး နီရဲခြောက်သွေ့လာခြင်း၊ စကားများ ဗလုံးဗထွေးပြောခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သတိလစ်မေ့မြောခြင်း စတာတွေ ဖြစ်တတ်တယ်လို့ သိရပါတယ်။ ဒီလိုအဆင့်ကတော့ အသက်အန္တရာယ်ရှိတဲ့ အဆင့်မို့ဆေးရုံဆေးခန်းကို အမြန်ဆုံးပို့ရမှာပါ။ ဆေးရုံဆေးခန်းမရောက်မီ လူနာသက်သာစေဖို့ နေပူထဲမှ အရိပ်ထဲကို ချက်ချင်းရွှေ့ခြင်း၊ တင်းကျပ်ပူလောင်နေတဲ့ အဝတ်တွေဝတ်ထားရင် လဲလှယ်ပေးခြင်း၊ ရိုးရိုးရေနဲ့ ရေဖတ်တိုက်ပေးခြင်းတွေကို ရှေးဦးဆောင်ရွက်ပေးနိုင်ကြောင်း သိရပါတယ်။

### ကြိုတင်ကာကွယ်

အကောင်းဆုံးကတော့ မဖြစ်ခင် ကြိုတင်ကာကွယ်တာ အကောင်းဆုံးပါ။ မဖြစ်မနေ နေပူထဲထွက်ရတဲ့အခါ ထီး၊ ဦးထုပ်၊ နေကာမျက်မှန်တို့ကို အသုံးပြုခြင်း၊ ရေကိုလုံလောက်စွာ မကြာခဏ သောက်သုံးခြင်း၊ အရည်ရွှမ်းသော သစ်သီးများကို စားသုံးခြင်း စတာတွေက အပူလျှပ်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ ရှောင်ကြဉ်သင့်တာကတော့ အလွန်ပူစပ်လွန်းတဲ့ အစားအသောက်တွေ စားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါတယ်။ အထူးသဖြင့် နေ့လယ်နေ့ခင်း အရက်၊ ဘီယာသောက်သုံးခြင်းကိုရှောင်ကြဉ်သင့်ပါတယ်။

### အထူးသတိပြု

အခုလို အယ်လ်နီညိုကာလမှာ အထူးသတိပြုသင့်တဲ့သူတွေကတော့ နှလုံးနဲ့ သွေးတိုးရောဂါ ရှိသူများ၊ နာတာရှည်အဆုတ်ရောဂါနဲ့ ပန်းနာရင်ကျပ်ရှိသူများ၊ ကျောက်ကပ်နဲ့ ဆီးချိုရောဂါရှိသူများ၊ သက်ကြီးရွယ်အိုနဲ့ ကလေးသူငယ်များ ဖြစ်ကြပါတယ်။ ဒီလိုရောဂါအခံရှိသူတွေဟာ ပြင်းထန်အပူဒဏ်ကို ခံစားရပြီဆိုရင် ရောဂါအခြေအနေပိုမိုဆိုးရွားနိုင်တာကြောင့် အထူးသတိပြုသင့်တယ်လို့ ဆရာဝန်တွေက သတိပေးထားပါတယ်။

ဒါကြောင့် ယခုနှစ်ဖြစ်ပွားတဲ့ အယ်လ်နီညိုဟာ ပုံမှန်ဖြစ်လေ့ဖြစ်ထရှိတဲ့ ဖြစ်စဉ်မဟုတ်ပါဘူး။ အလွန်အားကောင်းတဲ့ ဖြစ်စဉ်ဖြစ်ပါတယ်။ အယ်လ်နီညိုကြောင့် ကျန်းမာရေးထိခိုက်မှုဖြစ်စဉ်တွေ မဖြစ်ပွားရလေအောင် အပူရှိန်မြင့်မားစွာဖြစ်ပေါ်တဲ့ နေ့လယ်နေ့ခင်းအချိန်တွေကို အထူးသတိပြုသွားလာနေထိုင်ကြခြင်းဖြင့် အယ်လ်နီညိုကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ကြပါစေ။ ။

> ❝ အကောင်းဆုံးကတော့ မဖြစ်ခင် ကြိုတင်ကာကွယ်တာ အကောင်းဆုံးပါ။ မဖြစ်မနေ နေပူထဲထွက်ရတဲ့အခါ ထီး၊ ဦးထုပ်၊ နေကာမျက်မှန်တို့ကို အသုံးပြုခြင်း၊ ရေကို လုံလောက်စွာ မကြာခဏသောက်သုံးခြင်း၊ အရည်ရွှမ်းသော သစ်သီးများကို စားသုံးခြင်းစတာတွေက အပူလျှပ်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ ရှောင်ကြဉ်သင့်တာကတော့ အလွန်ပူစပ်လွန်းတဲ့ အစားအသောက်တွေ စားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါတယ်။ အထူးသဖြင့် နေ့လယ်နေ့ခင်း အရက်၊ ဘီယာသောက်သုံးခြင်းကို ရှောင်ကြဉ်သင့် ❞

## စားအုန်းဆီဖြန့်ဖြူးရာတွင် နိုင်ငံတော်၏မူဝါဒနှင့်အညီ စနစ်တကျဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ စားအုန်းဆီဖြန့်ဖြူးရာတွင် နိုင်ငံတော်၏မူဝါဒနှင့်အညီ စနစ်တကျဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်သူများသို့ စားအုန်းဆီများဖြန့်ဖြူးရာတွင် မူဝါဒနှင့်အညီ လူတစ်ဦး တစ်နှစ်လျှင် ခြောက်ပိဿာနှုန်း(လူတစ်ဦး တစ်လလျှင် ၅၀ ကျပ်သား)ဖြင့် စနစ်တကျဖြန့်ဖြူးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်က ယခုကဲ့သို့ မူဝါဒချမှတ်ရခြင်းမှာ နိုင်ငံသားများ၏ ဆီစားသုံးမှုသည် ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ သတ်မှတ်ထားသည့် မူဝါဒနှင့်အညီ ဖြန့်ဖြူးဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးဆီဖြန့်ဖြူးခွင့်ရကုမ္ပဏီများ၊ လက်ကား/ လက်လီကိုယ်စားလှယ်များ ဝိုင်းဝန်းလိုက်ပါဆောင်ရွက်ရန်နှင့် စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ လမ်းညွှန်ချက်အတိုင်း ဒေသအရောက် ဈေးနှုန်းအပေါ် ၂ ရာခိုင်နှုန်း အမြတ်ထက်မပိုသောဈေးနှုန်းဖြင့် ဈေးကွက်အတွင်းသို့ပြန်လည်ဖြန့်ဖြူးရောင်းချရန်၊ မသမာသောနည်းလမ်းဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ကြရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုးဦးက မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးက ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် စားအုန်းဆီဖြန့်ဝေမှုအခြေအနေများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်သူများသို့ စားအုန်းဆီများဖြန့်ဖြူးရာတွင် မူဝါဒနှင့်အညီ လူတစ်ဦး တစ်နှစ် ခြောက်ပိဿာနှုန်းဖြင့် စနစ်တကျဖြန့်ဖြူးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေများအား ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့ပြင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး အထူးအလေးပေးဆောင်ရွက်လျက်ရှိ

**စစ်တွေ အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်နယ်အတွင်း ရေရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်စေရေး၊ သောက်သုံးရေ လုံလောက်စွာ ရရှိရေးတို့ကိုလည်း အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အပါအဝင် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက မာန်အောင်



မြို့နယ် ရဲကျွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြဆွေးနွေးမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ရဲကျွန်းကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနကို လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် အခြေခံပညာမူလတန်း (လွန်) ကျောင်း ရဲကျွန်းတောင်ကျေးရွာတို့တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေး၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ကအီးကျေးရွာသစ် ရွာအဝင်လမ်း၌ တံတားတည်ဆောက်ထားမှုကို လည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ပလင်)၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေး၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးနှင့် ရေရရှိရေးအတွက် ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ မာန်အောင်ကျွန်း ပတ်လမ်းပေါ်ရှိ ပလင်ချောင်းကူးတံတား ပြန်လည်ပြုပြင်နိုင်ရေးကို လည်းကောင်း၊ မာန်အောင်မြို့နယ် MSME လုပ်ငန်းတစ်ခုဖြစ်သည့် ငွေတိုးဆီစက်တွင် မြေပဲများ ဝယ်ယူသိုလှောင်ထားရှိမှု၊ ပဲဆီများ ထုတ်လုပ်နေမှုနှင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး ပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရေး၊ တရားမဝင် ကုန်ပစ္စည်းများ သယ်ယူရောင်းချခြင်းများ မရှိစေရေးနှင့် မာန်အောင်မြို့သို့ ရောက်ရှိလာသော ကုန်ပစ္စည်းများအား မလိုလားအပ်သော နေရာများသို့ မရောက်ရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာဖြင့် နေ့စဉ်ဝယ်ယူရောင်းချနေမှု ကွင်းဆင်းကြည့်ရှုအားပေး

**ပဲခူး အောက်တိုဘာ ၂၀**

ပဲခူးမြို့ မြို့မဈေးကြီးအတွင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နေ့စဉ် ဒေသခံပြည်သူများ ဆန်၊ ဆီ၊ အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်များအား သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေး ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပဲခူးတက္ကသိုလ်၌ တက္ကသိုလ်ဝန်ထမ်းများ၊ ဆရာမများအား အပတ်စဉ် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းအိမ်ရာများတွင်သာမက အခြေခံစားသုံးကုန်များကို ရပ်ကွက်များအတွင်းသို့ Mobile Shop များဖြင့် ရောင်းချပေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဝက်သား၊ ကြက်သား၊ ငါး၊ ကြက်ဥ၊ ဘဲဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို မြို့နယ် ၂၈ မြို့နယ်ရှိ မြို့မဈေးများ၌ ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များတွင် ၂၀၂၃ ခုနှစ် ဇွန် ၆ ရက်မှစတင်၍ နေ့စဉ်ပိတ်ရက်မရှိ သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည့်အပြင် ဝန်ထမ်းအိမ်ရာများသို့ အပတ်စဉ် ဗုဒ္ဓဟူးနေ့၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာများသို့ အပတ်စဉ်ကြာသပတေးနေ့တို့တွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**






# တနင်္သာရီတိုင်းဒေသကြီး လေးခရိုင် အသက်(၂၅)နှစ်အောက် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ထားဝယ် အောက်တိုဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင် အသက်(၂၅)နှစ်အောက် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိ ဖူဆယ်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲအဖြစ် မြိတ်ခရိုင်အသင်းနှင့် ထားဝယ်ခရိုင်(က)အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးရာ မြိတ်ခရိုင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က ဒုတိယဆုရရှိသော ထားဝယ်ခရိုင်(က) အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးသန်းက ပထမဆုရရှိသော မြိတ်ခရိုင်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသည့် မြိတ်ခရိုင်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မူပိုင်ခွင့်ဆိုင်ရာဥပဒေများ၊ မူပိုင်ခွင့်ချိုးဖောက်မှုဆိုင်ရာ မှုခင်းများနှင့် စပ်လျဉ်း၍ အသိပညာပေးဆွေးနွေး

**မန္တလေး အောက်တိုဘာ ၂၀**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် မူပိုင်ခွင့်ဆိုင်ရာဥပဒေများ၊ မူပိုင်ခွင့်ချိုးဖောက်မှုဆိုင်ရာ မှုခင်းများနှင့် စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကို၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်နှင့် ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးတို့က အမှာစကား ပြောကြားကြပြီး မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်တင်သန်းက ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းသည်။



ဆက်လက်၍ တာဝန်ရှိသူများက "New Features of TM Law ; Standing to sue & Juris–dictional Issues of IP Court"၊ “ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ချိုးဖောက်မှုအပေါ် လေ့လာတင်ပြခြင်း”၊ “မူပိုင်ခွင့်ချိုးဖောက်မှုဆိုင်ရာ မှုခင်းများနှင့် တရားရုံး၏ အခန်းကဏ္ဍ”၊ “တီထွင်မှု မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ ရရှိနိုင်သည့် ဥပဒေဆိုင်ရာ အခွင့်အရေးများ” စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**



## မြစ်ကြီးနားမြို့၌ Night Market ဖွင့်လှစ်နိုင်ရေး မြေနေရာရှင်းလင်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

**မြစ်ကြီးနား အောက်တိုဘာ ၂၀**

ပြည်သူများ အနားယူအပန်းဖြေနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကမ်းဘေးတွင် Night Market ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ Night Market ဖွင့်လှစ်မည့်ဧရိယာ သီတာရပ်ကွက် ဆုတောင်းပြည့်ဘုရား ဆိပ်ကမ်းနေရာမှ စီတာပူရပ်ကွက် ဧရာဝတီရှုခင်းသာ အပန်းဖြေစခန်းနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည့် မြေဧရိယာ ကိုးကေကျော်ရှိ ဧရာဝတီမြစ်ကမ်းဘေးတွင် တိုင်းရင်းသားရိုးရာ အစားအသောက်ဆိုင်ခန်းပေါင်း ၃၀ ကျော်နှင့် ကလေးကစားကွင်း တစ်ခုပါဝင်ကာ ဧရာဝတီမြစ်၏ ရှုခင်းအား ခံစားကြည့်ရှု လည်ပတ်စားသောက်နိုင်မည်ဖြစ်သည့် Night Market ဧရိယာအား လမ်းဦးစီးဌာနမှ စက်ယန္တရားကြီးများဖြင့် သစ်ပင်ချုံနွယ်များ ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများက ကွင်းဆင်းစစ်ဆေးကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က Night Market ဆိုင်ခန်းများ နေရာချထားမှုအပြင် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို အဆိုပါနေရာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားကြရန်နှင့် Night Market တွင် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့အတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များကို ညှိနှိုင်းဆွေးနွေး၍ အတည်ပြု ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ Cartel Hotel ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် Training Drug Abuse Prevention and Treatment, Methadone Maintenance Therapy and Buprenorphine Maintenance Therapy ဖွင့်ပွဲသို့ တက်ရောက်သည်။

အဆိုပါသင်တန်းကို မူးယစ်ဆေးစွဲခြင်းသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ မိသားစုနှင့် လူမှုရေးပိုင်းဆိုင်ရာ အကြောင်းအရာများနှင့် အကျိုးဆက်များစွာအတွက် ကုသရေးဝန်ဆောင်မှုများ ပိုမိုလုပ်ဆောင်နိုင်ရန် လိုအပ်သည့်အတွက် ကချင်ပြည်နယ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ မူးယစ်ဆေးစွဲရောဂါကုဌာနကြီးများ၊ မြို့နယ်ဆရာဝန်များ၊ တိုက်နယ်ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ မက်သာဒုန်းဆေးတိုက်ကျွေးရေးဌာနမှ သူနာပြုများ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် SARA၊ AHRN၊ MDM မှ တာဝန်ရှိသူများအား မူးယစ်ဆေးစွဲရောဂါကုသရေး စွမ်းဆောင်ရည်မြှင့်တင်ရန်၊ လူနာမှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းတို့ကို Drug Treatment Information System တိုးချဲ့ဆောင်ရွက်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတိုင်ပင်ညှိနှိုင်းရန် နှစ်ရက်ကြာသင်တန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နိုင်ငံတော်သမ္မတက လေးမျက်နှာမြို့နယ် ရေဘေး၌ လှူဒါန်းခဲ့ကြသည့် အလှူရှင်များထံ ဂုဏ်ပြုချီးမြှင့်ခဲ့သော ဂုဏ်ပြုမှတ်တမ်းလွှာများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးတွင် လှူဒါန်းခဲ့ကြသည့် အလှူရှင်များထံ နိုင်ငံတော်သမ္မတက ဂုဏ်ပြုချီးမြှင့်ခဲ့သော ဂုဏ်ပြုမှတ်တမ်းလွှာများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ကျေးဇူးတင်စကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးတွင် လှူဒါန်းခဲ့ကြသည့် အလှူရှင်များထံ နိုင်ငံတော်သမ္မတက ဂုဏ်ပြုချီးမြှင့်ခဲ့သော ဂုဏ်ပြုမှတ်တမ်းလွှာများကို အလှူရှင်များထံ ပေးအပ်သည်။ **(အောက်ပုံ)**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကင်းမြို့နယ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ပြုလုပ်ရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းနမူနာ (Product Show) များ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ရန်ကုန် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် စက်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀ ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခုတို့ကို အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်မည့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းများ အဓိကပါဝင်ကာ အဆိုပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၈၄၈ သန်းနှင့် ငွေကျပ် ၃၁၃၃ ဒသမ ၅၉၇ သန်းဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၉၃၁၅ ဦးအား ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးတွင် မတည်ရင်းနှီးငွေ တိုးမြှင့်မည့် လုပ်ငန်းရှစ်ခုအပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၆၀ ၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



## မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

## ကျိုက်မရောမြို့နယ် ကျုံစိန်ကျေးရွာ၌ (RS-CS) မျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်း

**မော်လမြိုင် အောက်တိုဘာ ၂၀**

မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးသည် ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက ကျိုက်မရောမြို့နယ် ကျုံစိန်ကျေးရွာရှိ (RS-CS) မျိုးစေ့ထုတ်စိုက်ခင်းဧက ၃၀ ၏ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှု၍ မျိုးသန့်မျိုးစေ့ထုတ်လုပ်မှု စနစ်တကျရှိစေရေး၊ နည်းပညာစနစ်မှန်ကန်



ရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မတ်ပဲ၊ ပဲပုပ်၊ စိုက်ပျိုးထုတ်လုပ်နည်းသင်တန်းနှင့် မတ်ပဲ၊ ပဲပုပ်မျိုးစေ့၊ မျိုးစေ့ချစက်နှင့် သွင်းအားစုများ သီးနှံများ အထွက်နှုန်း ကောင်းမွန်ရေးနှင့် အရည်အသွေးပြည့်မီရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး ဒေသခံတောင်သူများအား မိုးဆောင်းနေခြည် ကုမ္ပဏီက မတ်ပဲနှင့် ပဲပုပ်မျိုးစေ့များ၊ စိုက်ပျိုးရေးသုံး မျိုးစေ့ချစက်များ၊ သဘာဝမြေဩဇာနှင့် ကောင်းမွန်သည့် စိုက်ပျိုးရေးသွင်းအားစုများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ (ပြန်/ဆက်)**

## မင်းလှမြို့၌ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

**အထက်မင်းလှ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ စစ္စနို့ကျေးရွာ တောင်သူများအား ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တောင်သူနားနေဆောင်၌ ကျင်းပရာ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံးမှ မန်နေဂျာ ဒေါ်မေလပ်ဝင်းက စစ္စနို့ကျေးရွာအုပ်စုမှ တောင်သူ ၃၆ ဦးအား စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၀ ဒသမ ၇၅ သန်း ထုတ်ချေးပေးမည်ဖြစ်ပြီး ကျန်ရှိသည့် ကျေးရွာအုပ်စုများကိုလည်း စိုက်ပျိုးချိန်အမီ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းသိန်းက အယ်လ်နီညိုသဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်ကာကွယ်ရေးအသိပညာပေး ဟောပြောခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

✤ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီတွင် MICC–I ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ ကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV –HD၊ MRTV – Entertainment၊ MRTV – NRC Channel၊ အကျိုးတူရုပ်သံလိုင်းများဖြစ်သော Readers’ Channel၊ Channel 9၊ Sky Net Up to Date၊ Uni TV၊ Shwe Nadi Shwe Yi နှင့် Channel 24 တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD–HD Channel၊ MWD Variety – HD Channel များနှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

သတင်းစဉ်



နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ စက်သုံးဆီဆိုင်များ၌ စူပါအယ်လ်နီညိုဖြစ်စဉ်ကာလနှင့် သီတင်းကျွတ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးသတ်ဦးစီးအရာရှိ ဦးဝေလျှံထွေးနှင့် တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းကို အောက်တိုဘာ ၂၀ ရက်က ဆောင်ရွက်စဉ်။

သျှင်ဦးမောင်(ဒက္ခိဏ)

**ပညာရွှေအိုး လူမခိုး**

**ပညာရဲရင့် ပွဲလယ်တင့်**

## ကာတွန်း






နောင်မိုးရွာမှ အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား ရှင်းလင်း သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



မဲဇာရွာမှ အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား ရှင်းလင်း သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



နန့်သဲရွာမှ အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား ရှင်းလင်း သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

❒ *ကျောဖုံးမှ*

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ၎င်းတို့၏ အကျိုးစီးပွားအတွက် မြို့/ ရွာ/ ဒေသ အချို့ကို ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ကာ ဒေသဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ခြင်းများ လုပ်ဆောင်ခဲ့ပြီး အများပြည်သူအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် အခြေပြု၍ ခံစစ်စခန်းများ တည်ဆောက်ကာ ခရီးသွားပြည်သူများထံမှ ဆက်ကြေးကောက်ခံခြင်း၊ ပြည်သူများကို ဖမ်းဆီးနှိပ်စက်ခြင်း၊ ၎င်းတို့အလိုမကျပါက သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အတွက် ဒေသခံများအနေဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများတွင် အခက်အခဲများဖြစ်ပေါ်ကာ စားရေရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံးပစ္စည်းများ မရောက်ရှိတော့ခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းများပြတ်လပ်ပြီး ကုန်ချောများလည်း ဈေးကွက်သို့ မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်းလာသည့်အပြင် အကြမ်းဖက်သမားများ၏ အနိုင်ကျင့်နှိပ်စက်မှုများကိုလည်း ခါးသီးစွာခံစားရလျက်ရှိသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက ပြည်သူလူထုအတွက် အဓိကအရေးပါသော အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မြို့ရွာများနှင့်ဆက်သွယ်ရေးလမ်းကြောင်းများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး– မတ္တရာ – သပိတ်ကျင်း– တကောင်း – ထီးချိုင့်– ကသာ– အင်းတော် – မော်လူး – နန့်စီးအောင် – မိုးညှင်း – မိုးကောင်း – မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်း တစ်လျှောက်ကိုလည်း ၂၀၂၆ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် အပြည့်အဝ ထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသတွင်း ကုန်စည်စီးဆင်း ကူးသန်းရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ



သစ်ပုံလွင်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။

ဆောင်ရွက်နိုင်ခဲ့ပြီး ပညာရေး၊ ကျန်းမာရေးစသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ဆက်လက်၍ အင်းတော်– ဝန်းသို– ကောလင်း လမ်းကြောင်းနှင့် အင်းတော်–မအူကုန်း– ကျောက်တန်း လမ်းကြောင်းပေါ်တွင် အခြေပြု၍ ခံစစ်စခန်းငယ်များ ဆောက်လုပ်ကာ ခရီးသွားပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက်နေသော အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုစခန်းများအား ရှင်းလင်းနိုင်ရေး တပ်မတော် စစ်ကြောင်းများက အင်းတော်မြို့တွင် စနစ်တကျစုဖွဲ့ကာ စစ်ကြောင်းများခွဲပြီး ဟန်ချက်ညီညီချီတက်၍ နယ်မြေလုံခြုံရေး လုပ်ငန်းများကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ရာ အောက်တိုဘာလ ၅ ရက်နေ့တွင် လယ်နောင်ကျေးရွာနှင့် ကမ်းနီကျေးရွာတို့အား လည်းကောင်း၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ပင့်သချေကျေးရွာ၊ မဲဇာကျေးရွာ၊ လယ်ဇင်ကျေးရွာနှင့် နန့်သဲကျေးရွာတို့အား လည်းကောင်း၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကျောက်တောကျေးရွာ အနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်း (၁)ခုနှင့် ကြိမ်ချောင်းကျေးရွာတို့အား လည်းကောင်း၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပိန်းအင်းကျေးရွာအား လည်းကောင်း၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဆင်ကုန်းကျေးရွာအားလည်းကောင်း၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ညောင်ကိုင်းကျေးရွာနှင့် ထန်းတပင်ကျေးရွာတို့အား လည်းကောင်း၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် နမ်းခမ်းကျေးရွာ၊ လယ်ပြင်ကျေးရွာနှင့် မအူကုန်းကျေးရွာတို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းပေါ်ရှိ ကျေးရွာများအား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ထိတွေ့မှု စုစုပေါင်း ၃၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၈ လောင်း၊ လက်နက်မျိုးစုံ ၁၉ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် အဆိုပါဒေသတစ်ဝိုက်အား ယာယီစိုးမိုးထားစဉ်အတွင်း ကျေးရွာများအတွင်း ဆက်သွယ်ရေးမြောင်းများတူးကာ ပြည်သူလူထု နေအိမ်များနှင့် ခြံစည်းရိုးများတွင် ဘန်ကာများပြုလုပ်ကာ အခိုင်အမာခံစစ်ဆင်၍ အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရသည်။ ထို့ပြင် ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့၍ အဆိုပါလမ်းကြောင်းပေါ်၌ သွားလာလျက်ရှိသော ခရီးသွားမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များအား ဆက်ကြေးကောက်ခြင်း၊ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်ခဲ့ကြရာ ဒေသတွင်းကုန်စည်စီးဆင်းမှုများ နှောင့်နှေးခဲ့ရပြီး ကုန်ဈေးနှုန်းများ ကြီးမြင့်ကာ ပြည်သူလူထု အနေဖြင့်လည်း လူမှုစီးပွားဘဝများ အဘက်ဘက်မှ နိမ့်ပါးခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် လိုအပ်သော ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးကဏ္ဍတို့ကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် လိုအပ်သည်များကို ပြည်သူလူထုနှင့်လက်တွဲ၍ ဆက်လက်ဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး နယ်မြေလုံခြုံရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား / အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၀

လက်ဝှေ့အားကစား အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်လက်ဝှေ့ အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်လက်ဝှေ့ပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (၅၁၊ ၆၀၊ ၆၃.၅၊ ၆၇၊ ၇၁)ကီလိုတန်း ပြိုင်ပွဲများနှင့် အမျိုးသမီး (၅၄၊ ၆၃)ကီလိုတန်း ပြိုင်ပွဲများကို အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၅၁)ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး အသင်းမှ ထက်နိုင်အောင်(အနီ)က တနင်္သာရီတိုင်းဒေသကြီး အသင်းမှ လွင်မျိုးသန့် (အပြာ)ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ ထက်မြတ်လွင်(အနီ)က ချင်းပြည်နယ်အသင်းမှ တမ်ဟာရှိန်း (အပြာ)ကို လည်းကောင်း၊ (၆၀)ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ဇော်လင်းထွေး(အနီ)က မွန်ပြည်နယ်အသင်းမှ လင်းခန့်မောင်မောင်(အပြာ)ကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အသင်းမှ ကျော်သူရ(အပြာ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ ဉာဏ်လင်းအောင်(အနီ) ကို လည်းကောင်း၊ပဲခူးတိုင်းဒေသကြီး အသင်းမှ သီဟအောင်(အပြာ)က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ လာဗျက်ကျဲလ် (အနီ)ကိုလည်း ကောင်း၊ ကရင်ပြည်နယ်အသင်းမှ အောင်ခန့်ဖြိုး(အပြာ)က ရခိုင်ပြည်နယ်အသင်းမှ အောင်မင်းခန့် (အနီ)ကိုလည်းကောင်း၊ (၆၃.၅) ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီ တိုင်းဒေသကြီး အသင်းမှ မင်းကျော်ဇင် (အပြာ)က ချင်းပြည်နယ်အသင်းမှ စောကဆာမိုး (အနီ)ကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အေးကိုဇင် (အနီ)က ပဲခူးတိုင်းဒေသကြီး အသင်းမှ ဘုန်းမြင့်မောင်(အပြာ) ကိုလည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီးအသင်းမှ လုံဂျုံရှိန် ကွယ်နော်(အနီ)က ကချင် ပြည်နယ်အသင်းမှ ရှားလုံနော်ဆန့် (အပြာ)ကိုလည်းကောင်း၊ မန္တလေး တိုင်းဒေသကြီးအသင်းမှ ဟိန်းစိုးဦး (အပြာ)က ရခိုင်ပြည်နယ်အသင်းမှ ဒီပ(အနီ)ကို လည်းကောင်း၊ အမျိုးသား (၆၇)ကီလိုတန်းပြိုင်ပွဲ တွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဇင်မင်းကို(အပြာ)က မွန်ပြည်နယ် အသင်းမှ မင်းသွင်ဖြိုး(အနီ)ကို လည်းကောင်း၊ ကချင်ပြည်နယ် အသင်းမှ ယော်ဘောမ်(အပြာ)က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရှိန်းထက်ကျော်(အနီ)ကို လည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ တန်မိုင်(အပြာ)က ချင်း ပြည်နယ်အသင်းမှ အောင်ဇေမြတ် (အနီ)ကို လည်းကောင်း၊ မန္တလေး တိုင်းဒေသကြီး အသင်းမှ အောင်မြင့်ထွန်း (အနီ)က ရခိုင် ပြည်နယ်အသင်းမှ အောင်ဖြိုးပိုင် (အပြာ)ကို လည်းကောင်း၊ အမျိုးသား (၇၀) ကီလိုတန်းပြိုင်ပွဲ တွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ စည်သူထက်(အပြာ)က ရခိုင် ပြည်နယ်အသင်းမှ ဝင်းလှိုင်ထွန်း (အနီ)ကိုလည်းကောင်း၊ ရန်ကုန် တိုင်းဒေသကြီး အသင်းမှ စချစ်လင်းဇော်(အနီ)က မန္တလေး တိုင်းဒေသကြီး အသင်းမှ ဟန်ထက်အောင်(အပြာ) ကို လည်းကောင်း အသီးသီး ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး (၅၄) ကီလိုတန်းပြိုင်ပွဲတွင် ကရင် ပြည်နယ်အသင်းမှ နန်းခင်နှင်း ထက် (အပြာ)က ရှမ်းပြည်နယ် အသင်းမှ ယုယုမေ(အနီ)ကိုလည်း ကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ ညောင်ရှမ်းဟွဲ့(အပြာ) က ပဲခူးတိုင်းဒေသကြီးအသင်းမှ သွယ်ဇင်ယွန်း(အနီ)ကို လည်း ကောင်း၊ (၆၃)ကီလိုတန်းပြိုင်ပွဲ တွင် ကရင်ပြည်နယ်အသင်းမှ နန်းခင်မာဦး(အပြာ)က တနင်္သာရီ တိုင်းဒေသကြီး အသင်းမှ သန္တာထွန်း(အနီ)ကို လည်း ကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ဇင်မာဝေ(အပြာ)က ဧရာဝတီတိုင်း ဒေသကြီးအသင်းမှ ချမ်းပြည့်စိုး (အနီ)ကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီမှ စတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံ အားကစားရုံ၌ ၂၀၂၆ ခုနှစ် တိုင်း ဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ ပြိုင်ပွဲ အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲ ပွဲစဉ် များကို ဆက်လက်ယှဉ်ပြိုင်သွား မည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူ မဆို **"အခမဲ့"** လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

✳ *ကျောဖုံးမှ*

စုစုပေါင်း ၁၅ ဦးတို့သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းမှစတင်၍ ပြေးခုန်ပစ်၊ ရေကူး အားကစားနည်း(၂)နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာမသန်စွမ်း ရေကူးအားကစားအဖွဲ့သည် ယနေ့မသန်စွမ်းရေကူးအားကစားနည်း အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်းကူး (Men's 50 m Breaststroke SB3 ) ပြိုင်ပွဲတွင် ဂျပန်၊ တောင်ကိုရီးယား၊ ကာဇက်စတန်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ ညီညီလင်းထက်က ၅၉.၃၀ စက္ကန့်ဖြင့် မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ကြေးတံဆိပ်ဆု ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

မြန်မာမသန်စွမ်း အားကစားအဖွဲ့အနေဖြင့် အောက်တိုဘာ ၂၁ ရက် ၁၈:၅၀ နာရီအချိန်တွင် မသန်စွမ်း ပြေးခုန်ပစ်ပြိုင်ပွဲများအဖြစ် အမျိုးသားမီတာ ၁၀၀ ပြေးခုန်ပစ်ပြိုင်ပွဲ၌ မြန်မာအသင်းမှ စိုးပေကလည်းကောင်း၊ ၁၉:၅၈ နာရီအချိန်တွင် အမျိုးသမီး မီတာ ၁၀၀ ပြေးခုန်ပစ်ပြိုင်ပွဲတွင် လော်လာဝင်းတို့က လည်းကောင်း ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ရေကူးအားကစားနည်းမှ ပြိုင်ပွဲယှဉ်ပြိုင်ရန် မရှိပါကြောင်းနှင့် အောက်တိုဘာ ၂၂ ရက်တွင် မြန်မာအသင်းမှ ညီညီလင်းထက်က အမျိုးသား မီတာ (၁၅၀) တစ်ဦးချင်းလေးမျိုးကူးနှင့် ၂၃ ရက်တွင် မီတာ (၁၀၀) အလွတ်ကူးပြိုင်ပွဲတို့ကို လည်းကောင်း အသီးသီး ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စပါးက ကိုဗင်ထရီကို အနိုင်ယူပြီး တန်းဆင်းဇုန်မှ လွတ်မြောက်

ပရီမီယာလိဂ် ပွဲစဉ် ၇ ပွဲကျန်မှ စပါးနှင့် ကိုဗင်ထရီအသင်းပွဲစဉ်ကို တော့တင်ဟမ်ဟော့စပါးကွင်း၌ အောက်တိုဘာ ၂၀ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ယခုနှစ်ရာသီ ပထမဆုံး နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဧပြီ ၂၇ ရက်နောက်ပိုင်း ပရီမီယာလိဂ်တွင် ပထမဆုံးအကြိမ် ပွဲထွက်ကစားခွင့်ရရှိခဲ့သည့် ကွင်းလယ်ကစားသမား ဂျိမ်းစ်မက်ဒီဆင်သည် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့ပြင် မန်စီးတီးအသင်းမှ အငှားလာရောက်ကစားလျက်ရှိသည့် တောင်ပံတိုက်စစ်ကစားသမား မာမွတ်ချ်သည် စပါးအသင်းအတွက် ပထမဆုံးဂိုး သွင်းယူနိုင်ခဲ့သည်။

စပါးအသင်းသည် ပွဲပေါင်း ၃၇ ပွဲ ယှဉ်ပြိုင်ကစားပြီးနောက် ခြောက်ကြိမ်မြောက် ပရီမီယာလိဂ်နိုင်ပွဲရရှိမှုဖြစ်ကြောင်း သိရသည်။ ယခုနိုင်ပွဲရလဒ်ကြောင့် စပါးအသင်းသည် အမှတ်ပေးဇယားအဆင့် ၂၀ မှ ၁၆ အထိ တက်လှမ်းနိုင်ခဲ့သည်။

လာမည့်ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၄ ရက်တွင် စပါးကအသင်းကြီးချယ်ဆီး၊ ကိုဗင်ထရီက တန်းဆင်းဇုန်မှ ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။



ပရီမီယာလိဂ် ပွဲစဉ် ၇ ယှဉ်ပြိုင်ကစားအပြီးတွင် မန်စီးတီးအသင်းက ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး ယင်းနောက်တွင် အာဆင်နယ်အသင်းက ရမှတ် ၁၈ မှတ်ဖြင့် အနီးကပ်ဖိအားပေးလျက်ရှိသည်။

**အောင်ဇော်**

○ *ကျောဖုံးမှ*

ပဒေသာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ISPE အသင်းက ရန်ကုန်စီးတီးအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူကာ အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ISPE အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၂ မိနစ်တွင် မိုးမမစိုးက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ထို့နောက် ၁၁ မိနစ်တွင် လင်းမြင့်မိုရ်၊ ၃၅ မိနစ်နှင့် ၄၄ မိနစ်တို့တွင် ကွင်းလယ်ကစားသမား သန်းသန်းနွယ်က နှစ်ဂိုးဆက်တိုက် သွင်းယူပေးခဲ့သည်။ AYA Pay Player of the Match ဆုကို ISPE အသင်းမှ သန်းသန်းနွယ်က ရရှိခဲ့သည်။

ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် သစ္စာအားမာန်အသင်းက မြဝတီအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်တွင် အပြန်အလှန် တိုက်စစ်ဆင်ကစားခဲ့ကြပြီး သစ္စာအားမာန်အသင်းက နောက်ကျသွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၈၈ မိနစ်တွင် ဖြူနှင်းသွယ်နှင့် ၉၀+၁ မိနစ်တွင် ငယ်ငယ်ထွေးတို့က သွင်းယူပေးခဲ့သည်။ AYA Pay Player of the Match ဆုကို သစ္စာအားမာန်အသင်း ကွင်းလယ်ကစားသမား ဝေဖူးအိမ်က ရရှိခဲ့သည်။

အပတ်စဉ်(၁၀) နောက်ဆုံးပွဲစဉ်အဖြစ် အောက်တိုဘာ ၂၁ ရက်တွင် ပဒုမ္မာကွင်း၌ ဖွဲ့ကပင်ယူနိုက်တက်နှင့် YOUNG LIONESSES အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–MWL**

✣ *ကျောဖုံးမှ*

ရန်ကုန်ဇုန်ပြိုင်ပွဲများကို ရန်ကုန်အမျိုးသားဘောလုံးအကယ်ဒမီ၌ အောက်တိုဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး U–12၊ U–13 ရန်ကုန်အကယ်ဒမီအသင်းအပါအဝင် ကရင်၊ ပဲခူး၊ ပုသိမ်နှင့် မော်လမြိုင်တို့မှ RTC အသင်းများ စုစုပေါင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

မန္တလေးဇုန်ပြိုင်ပွဲများကို မန္တလေးမြို့ရှိမြန်မာဘောလုံးအကယ်ဒမီ၌ နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး U–12၊ U–13 မန္တလေး အကယ်ဒမီအသင်း၊ မန္တလေး RTC၊ နေပြည်တော် RTC နှင့် တောင်ကြီး RTC စသည့် အသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုး**

✿ *ကျောဖုံးမှ*

ရဲရင့်အောင်နှင့် ၅၆ မိနစ်တွင် မင်းထက်သာတို့က သွင်းယူပေးခဲ့သည်။ ဒဂုံစတားယူနိုက်တက်အတွက် ချေပဂိုးများကို ၈၈ မိနစ်တွင် ပြည့်ဖြိုးကိုနှင့် နာကျင်အချိန်ပို ၉၀+၆ မိနစ်တွင် ဇော်ဘိုဘိုထွဏ်းတို့က ပြန်လည်သွင်းယူပေးနိုင်ခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ AYA Pay Man of the Match ဆုကို ရတနာပုံအသင်းမှ ရဲရင့်အောင်က ရရှိခဲ့သည်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် စစ်ကိုင်းယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ စစ်ကိုင်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် မိနစ် ၃၀ တွင် မျိုးသူလွင်နှင့် ၆၉ မိနစ်တွင် ပိုင်ထက်ဦးတို့က သွင်းယူပေးခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် ချေပဂိုး တစ်ဂိုးကို ၇၄ မိနစ်တွင် ရာဇာအောင်ဟိန်းက သွင်းယူပေးခဲ့သည်။

အပတ်စဉ်(၂၀) ဒုတိယနေ့ ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၁ ရက်တွင် ဗဟန်းကွင်း၌ ချင်းလန်းအသင်းနှင့် ISPE အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်နှင့် ရန်ကုန်စီးတီးအသင်း၊ သီဟဒီပကွင်း၌ မြဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–ML**

✷ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲ၌ ပွဲစဉ်များကို တစ်သင်းလျှင် ရှစ်ဦးစီဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခုနှစ်တွင် FIFA မှ အသင်းပေါင်း ၁၉၀ ကျော်ဖြင့် ပုံစံသစ်အဖြစ် စတင်ကျင်းပခြင်းဖြစ်သည်။ မြန်မာ ယူ–၁၅ အသင်းကို နည်းပြချုပ် ဦးအောင်ဇော်မျိုးက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ကစားသမား စုစုပေါင်း ၁၄ ဦးဖြင့် ဖွဲ့စည်းထားသည်။

မြန်မာ ယူ–၁၅ အသင်းပါဝင်သည့် အုပ်စု(W)ပွဲစဉ်များကို အောက်တိုဘာ ၂၄ ရက်တွင် ဂူအမ်အသင်း၊ အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် ဂါနာအသင်း၊ ညပိုင်းတွင် ဘဟားမားစ်အသင်း၊ အောက်တိုဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ကာဇက်စတန်အသင်းနှင့် ညပိုင်းတွင် ဥဇဘက်ကစ္စတန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ–၁၅ အသင်းသည် အောက်တိုဘာ ၂၁ ရက် (ယနေ့)တွင် ရန်ကုန်မြို့မှ အဇာဘိုင်ဂျန်နိုင်ငံသို့ စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုး၊ ဓာတ်ပုံ–MFF**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# မျိုးမြေရေနည်း၊ ပေါင်းစည်းဝေဆာ၊ ဖွံ့ဖြိုးလာသည့်၊ နိုင်ငံ့ဘဏ္ဍာ၊ မြန်မာ့ဝါ

မြတ်မင်း(စိုက်ပျိုးရေး)

"မျိုးမြေရေနည်း" ဟု ဆိုပါလျှင် သီးနှံပင်စိုက်ပျိုးရေး အတွက် အသက်ဖြစ်ပြီး အထွက်နှင့်အရည်အသွေး တိုးတက်ရေးအတွက် အရေးပါလှသည်။ ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်ရေးတွင် မျိုးစေ့ထုတ်လုပ်သူ၊ စိုက်ပျိုးသူ၊ ဝယ်ယူသူ၊ ဝါဂွမ်းနှင့် ဝါစေ့ကြိတ်ခွဲ ထုတ်လုပ်သူသည် ပထမတန်ဖိုးမြှင့်ကွင်းဆက် တစ်ခုဖြစ်ပြီး ချည်ထုတ်လုပ်သူ၊ ပိတ်ရက်လုပ်သူ၊ ဆေးဆိုးပန်းရိုက်သူ၊ အဝတ်အထည်ထုတ်လုပ်သူ များက ဒုတိယကွင်းဆက် ဖြစ်သည်။

တန်ဖိုးမြှင့် ကွင်းဆက်တစ်လျှောက်လုံး ဟန်ချက်ညီညီ ပေါင်းစည်းဆောင်ရွက်ခြင်းသည် စိုက်ပျိုးသည်မှ အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့ အမြန်ဆုံး ရောက်ရှိလာစေနိုင်ပြီး နိုင်ငံ့ဘဏ္ဍာ တိုးတက်လာစေမည်ဖြစ်သည်။

ဝါကုန်ကြမ်းမှသည် အရည်အသွေးကောင်း အထည်အလိပ်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုး သည်မှ စရပါမည်။ မျိုးအဖြစ် ပြည်တွင်းဝါမျိုးများနှင့် ပြည်ပစပ်မျိုးများစိုက်ပျိုးရာတွင် အရည်အသွေး ကောင်း အဆင့်မီစေရန် မျိုးစေ့အရည်အသွေး၊ ထုတ်လုပ်မှု နည်းပညာနှင့်စည်းမျဉ်းများ၊ ထိန်းသိမ်း ခြင်းတို့ကို လိုက်နာရပါမည်။ မျိုးရိုးဗီဇကောင်း စေကာမူ စနစ်တကျ ထိန်းသိမ်းခြင်းမပြုပါက ပင်ကို ကောင်းသော အရည်အသွေးများပျက်သွားနိုင်သည်။

အရည်အသွေးနှင့် ဝါသီးနှံအထွက်နှုန်းကောင်း စေရန် အသုံးပြုမည့် မျိုးကောင်းမျိုးသန့် ဝါမျိုးစေ့ များကို စနစ်တကျအဆင့်ဆင့်ပွားများ ထုတ်လုပ်နိုင် ရန်ပြည်တွင်းတွင် မတူကွဲပြားစွာ တစ်ယောက်တစ်မျိုး ထုတ်လုပ်နေမည့်အစား ဌာန၊ တောင်သူ၊ လုပ်ငန်းရှင် အစုအဖွဲ့များ ပါဝင်သည့် ကန်ထရိုက်စနစ်၊ အသင်း အဖွဲ့စနစ်ဖြင့် ထုတ်လုပ်ခြင်းသည် ဝါမျိုးကောင်း မျိုးသန့်ရရှိရေးနှင့် ဖူလုံရေးအတွက် အရေးပါသော လုပ်ငန်းစဉ်တစ်ခု ဖြစ်လာပါမည်။ စပ်မျိုးများကို လည်း ပြည်ပမှ မိဘလိုင်းများတင်သွင်းပြီး ရေ၊ မြေ၊ သဘာဝနှင့်ကိုက်ညီသည့် ပြည်တွင်းစပ်မျိုးထုတ်လုပ် ရေးနှင့် မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များ၊ သမ ဝါယမအသင်းများ ပေါ်ပေါက်လာရေးအတွက်လည်း တွန်းအားပေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

**စိုက်ပျိုးသည့် တောင်သူများအနေဖြင့် မျိုးစေ့ အဆင့်၊ အရည်အသွေးမြင့်မားမှု၊ အပင်ပေါက်နှုန်း ကောင်းမွန်မှု၊ သန်စွမ်းမှု၊ ပိုးမွှားရောဂါကင်းစင်မှု အတွက် မစိုက်ပျိုးမီ ကြိုတင်စုဆောင်းကြရမည် ဖြစ်သည်။ ပြည်ပစပ်မျိုးဝါများ စိုက်ပျိုးကြရာတွင် ဒုတိယသားဆက်စိုက်ပျိုးခြင်းသည် အထွက်နှုန်း ကျဆင်းခြင်း၊ ပိုးမွှားရောဂါဒဏ်မခံနိုင်ခြင်း၊ ဗီဇကွဲ ထွက်၍ အပင်၊ အသီး၊ ကိုင်းဖြာမညီခြင်း၊ ဝါဂွမ်း အရည်အသွေးဖြစ်သည့် ချည်မျှင်ရှည်မှု၊ ခိုင်ခံ့မှု၊ ချောမွေ့မှုကျဆင်းနိုင်သည့်အတွက် မစိုက်ပျိုးရန် ပညာပေးကြရပါမည်။**

စပ်မျိုးများ၏ ဒုတိယသားဆက်မျိုးများကို ဒေသတစ်ခုတည်းအတွင်း စိုက်ပျိုးလာပါက မျိုးစေ့ အရည်အသွေးထိန်းထားနိုင်မှုပျက်လာပြီး မျိုးများ ရောနှောကာ အရည်အသွေးနှင့် အထွက်ကောင်း ဝါစိုက်ပျိုးထုတ်လုပ်ခြင်းကို ထိခိုက်လာမည်ဖြစ်ပါ သည်။ အီဂျစ်နိုင်ငံ၏ ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် ဒေသတစ်ခုအတွင်း ဝါမျိုးတစ်မျိုးတည်းကိုသာ စိုက်ပျိုးခြင်း၊ ဝယ်ယူခြင်း၊ ကြိတ်ခွဲခြင်းတို့ကို ဒေသ တွင်း ညွှန်ကြားချက်များနှင့်အညီ စိုက်ပျိုးလျက်ရှိ သည်ကို လေ့လာသိရှိရပါသည်။ ထုတ်လုပ်သည့်မျိုး များကို ထိန်းသိမ်းတန်ဖိုးထားပါမှ မိမိတို့လိုချင် သည့် အရည်အသွေးကောင်း ဂွမ်း၊ ချည်မျှင်တို့ကို ရရှိမည်ဖြစ်ပါသည်။

ပန်းတိုင်အထွက်နှုန်း တစ်ဧက ပိဿာ ၇၀၀ ရရှိစေရန် ရာသီအမီစိုက်ပျိုးခြင်းတွင် မိုးကြိုဝါရာသီ တွင် စိုက်ချိန်ကို မိုးရာသီမိုးများခြင်းနှင့် မိုးစပါး ဆက်လက်စိုက်ပျိုးနိုင်ရန်၊ ဝါသီးဆုံး ပင်ဆုံးကောက် နိုင်ရန်အတွက် ဖေဖော်ဝါရီလ နောက်ဆုံးထား စိုက်ပျိုးခြင်း၊ မိုးဝါကို မေလဆန်းမှစတင်စိုက်ပျိုးနိုင် ခြင်းနှင့် မိုးနှောင်းဝါရာသီတွင် မိုးနှောင်းကာလ ဖြည့်စွက်ရေ မပြတ်နိုင်ရန် ချင့်ချိန်၍ မြေအမျိုး အစား၊ မိုးရေချိန်ကိုလိုက်ကာ ဇူလိုင်လမှ စက်တင် ဘာလလယ် နောက်ဆုံးထား စိုက်ပျိုးပါက အထွက် သေချာမည်ဖြစ်ပါသည်။

မျိုးစေ့အဆင့်အတန်းမီသည့် မှတ်ပုံတင်ပြီး မျိုးသန့်ဝါစေ့ကို စိုက်ပျိုးကြရပါမည်။ အပင်ပေါက် ၇၅ ရာခိုင်နှုန်းရှိပါက မျိုးဝါစေ့အဖြစ် အသုံးပြုနိုင်ပြီး ဆေးလူးနယ်ထားသော ပိုးမွှားအမှိုက်ကင်းစင်သော အမွေးချွတ် ဝါစေ့ဖြစ်ရပါမည်။ မြေ၊ ရေ၊ သွင်းအားစု အနေဖြင့် မိမိမြေအဆင့်အတန်းကို စစ်ဆေး၍ ရေသွင်းရေထုတ်လွယ်ကူသော နုန်းမြေ၊ သဲနုန်းမြေ၊ နုန်းစနယ်မြေ၊ သဲစနယ်မြေနှင့် စနယ်မြေစေးတွင် စိုက်ပျိုးနိုင်သည်။ ထယ်ရေးနက်နက်နှင့်ညက်ညက် သည် အမြစ်ကြီးထွားဖွံ့ဖြိုးမှုကို ကောင်းမွန်စေ သည်။

စိုက်သက်တမ်းတစ်လျှောက် ဖြည့်စွက်ရေ ရရှိ ရေး၊ မိုးရေ၊ သွင်းရေဖြင့် ချင့်ချိန်စိုက်ပျိုးခြင်းနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို မြေခံတွင် ထည့်သွင်းအသုံးပြုခြင်း၊ ပိုးမွှားရောဂါကျရောက်မှု အတွက် ပိုးသတ်ဆေးသုံးစွဲမှုကိုလည်း စိုက်ပျိုး ပညာရှင်များထံမှ ပူးပေါင်း၍ နည်းပညာများရယူ နိုင်ခြင်းတို့ကို ဆောင်ရွက်ကြရပါမည်။

စိုက်ပျိုးနည်းပညာပိုင်းတွင် ထယ်ရေးနက်ရန်၊ ပေါင်းကင်းစင်ရန် ကြိုတင်မြေထွန်ယက်ခြင်း၊ အပင် ပေါက်စုံစေရေးအတွက် အရည်အသွေးမီ မျိုးစေ့သုံးစွဲ ခြင်းကို ကြိုတင်ဆောင်ရွက်ရပါမည်။ စစိုက်ပျိုးသည် နှင့် အပင်ပျောက်များပြန်ဖြည့်ရန် ကြိုတင်အရန် ပျိုးထောင်စနစ်ကို တစ်ပြိုင်တည်းကျင့်သုံး၍ ချက်ချင်း ကျင်းလပ်များ ဖြည့်စွက်စိုက်ပျိုးခြင်းသည် အပင် ဦးရေအပြည့်ရရှိပြီး အထွက်နှုန်းတွင် စိတ်ချရပါသည်။

မြေအမျိုးအစားကိုလိုက်၍ နှစ်ပေခွဲ x နှစ်ပေခွဲ၊ သုံးပေ x သုံးပေ၊ သုံးပေ x သုံးပေ (နှစ်ပင်ချန်) စိုက်ပျိုး နိုင်ပါသည်။ အမြစ်များထိခိုက်မှု၊ သီးကိုင်းအထွက် နောက်ကျမှု၊ တစ်ကိုင်းရှိ ဝါသီးလုံးလျော့နည်းမှု မရှိစေရန် ဝါပင်တွင် ရွက်ဆစ် (သုံးရွက်၊ လေးရွက်) ထွက်ချိန်ထက် နောက်မကျဘဲ တစ်ကျင်းနှစ်ပင်ချန် သားခွဲခြင်းနှင့် ပေါင်းကင်းစင်စေရန် လက်ပေါင်း လိုက်ခြင်း၊ ကြားထွန်လိုက်ပေးခြင်းဖြင့် ဝါပင် ကြီးထွားမှုကို ပြုပြင်ပေးရပါမည်။ ထယ်ရေးပြုလုပ် ချိန်၊ စိုက်ချိန်၊ ပန်းစပွင့်ချိန်၊ ပန်းဖြိုင်ဖြိုင်ပွင့်ချိန် တွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုး ကျ ထည့်ပေးနိုင်ရပါမည်။

မိုးခေါင်ခြင်း၊ မိုးများခြင်း၊ ပူလွန်းခြင်း၊ အေးလွန်းခြင်းတို့တွင် အမြစ် အစာစုပ်ယူရန် ခက်ခဲ ခြင်း၊ အကိုင်းအခက်များသို့ပေးပို့ရန် ခက်ခဲခြင်း ကြောင့် အနည်းလို အာဟာရဓာတ်များအတွက် ရွက်ဖျန်းဆေးဖျန်းပေးခြင်းသည် ထိရောက်မှုရှိ သည်။ ရေကိုစနစ်တကျပေးသွင်းခြင်းဖြင့် မြေတွင်း အစိုဓာတ် လုံလောက်စွာ ရှိနေရပါမည်။ ပိုးမွှားရောဂါ ကျရောက်မှုကို စဉ်ဆက်မပြတ်ကြည့်၍ ဘက်စုံ ကာကွယ်နှိမ်နင်းခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်း တို့ကို မှန်ကန်စွာကျင့်သုံးခြင်းဖြင့် ပန်းတိုင်အထွက် ရရှိလာနိုင်မည် ဖြစ်ပါသည်။

အထူးဂရုစိုက်ဆောင်ရွက်ရန်မှာ စိုက်ပျိုးပြီး တစ်လအတွင်းတွင် အပိမ့်ဝင်ရန် အစပြုချိန်၌ ပေါင်း၊ အာဟာရ၊ အစိုဓာတ်၊ ပိုးမွှားရောဂါကို ဂရုစိုက် ဆောင်ရွက်ရပါမည်။ စိုက်ပျိုးပြီး တစ်လမှနှစ်လ အတွင်းတွင် အပိမ့်စတင်ဖွံ့ဖြိုးချိန်မှ အပွင့်စတင်ချိန် အတွင်း အထွက်နှုန်းကို စတင်သတ်မှတ်ပြီးဖြစ်၍ ရေငတ်ဒဏ်၊ ပိုးမွှားရောဂါဒဏ်၊ အာဟာရချို့တဲ့မှု ဒဏ်ခံရပါက ဝါမျှင်သည် အစေ့ပေါ်တွင် မူတည်၍ ဖြစ်ရသဖြင့် အစေ့နည်းခြင်း၊ အသီးသေးခြင်းဖြစ်ပြီး အထွက် ထိခိုက်ပါသည်။

စိုက်ပျိုးပြီး နှစ်လနောက်ပိုင်းတွင်လည်း ပန်း ဖြိုင်ဖြိုင်ပွင့်၍ ဝါမျှင်ရှည်ထွက်ခြင်း၊ တုတ်ခြင်း၊ ဝါမျှင်ဆဲလ်နှင့်အစေ့ရည်မှည့်သော ကာလများဖြစ် ၍ ရေငတ်ခြင်း၊ အပူချိန်မြင့်ခြင်းများကို ဂရုစိုက်ရပါ မည်။ ဝါဂွမ်းပိုးနီ ကျရောက်ခြင်းဖြင့် ဝါစေ့များ မအောင်မြင်ခြင်း၊ ဂွမ်းမွေးအရောင် စွန်းထင်းခြင်းနှင့် ဝါသီးပုပ်ခြင်းတို့ကိုဖြစ်စေပြီး အထွက်နှုန်း၊ ဂွမ်းမွေးအရည်အသွေး၊ မျိုးဝါစေ့ကို ထိခိုက်လျော့ကျ စေနိုင်သည့် ကျရောက်မှု ကြိုတင်ကာကွယ်ခြင်းကို ဆောင်ရွက်ရပါမည်။ ဝါသီးတစ်ပင်လျှင် ပျမ်းမျှ သုံးလုံးခန့်ကွဲပါက စတင်ကောက်သိမ်းနိုင်ပြီး ခြောက်သွေ့သော ဝါပေါက်၊ ဝါကောင်းနှင့် ကြွယ်ဝါ ခွဲခြားကောက်သိမ်းခြင်း၊ ကောက်သိမ်းပြီးဝါများ ကောင်းစွာခြောက်သွေ့စေရန် နေလှန်းခြင်းတို့ ဆောင်ရွက်ပြီး သိုလှောင်နိုင်ပါသည်။

အထည်အလိပ်လုပ်ငန်းအတွက် သဘာဝ ချည်မျှင်ကို ဝါသီးနှံမှ အဓိကရရှိပြီး ဝါမှထုတ်လုပ်ရရှိ သည့်အတွက် ဝါသီးနှံ၏ အရေးပါမှုနှင့် အသုံးဝင်မှုတို့ သည် ယနေ့တိုင်အောင် ခိုင်မာစွာတည်ရှိနေပါသည်။

ဝါရောင်းချမှုအပိုင်းတွင် တောင်သူမှ ဝါကြိတ် စက်များသို့ တိုက်ရိုက်ရောင်းချခြင်းနှင့် ဝါ အဝယ် တော်များမှတစ်ဆင့် ဝယ်ယူပြီး တင်သွင်းရောင်းချ ခြင်းဖြင့် ဆောင်ရွက်လျက်ရှိကြပါသည်။ ဒေသတစ်ခု အတွင်းမှ စိုက်ပျိုးထားသည့်ဝါများကို မျိုးအလိုက် ခွဲခြားဝယ်ယူခြင်းနှင့် အရည်အသွေးအဆင့် သတ်မှတ်ခွဲခြားဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ တင်ပို့ ရောင်းချခြင်းတို့ကို ဆောင်ရွက်ပါမှ အရည်အသွေး ကောင်း ဝါကိုရမည်ဖြစ်သည်။

"ဂွမ်းမွေးအရှည်"သည် ဝါကြိတ်ရာတွင် ချည်မျှင်အပြတ်များခြင်းဖြစ်ခဲ့လျှင် ဝါဂွမ်းထဲ၌ အစို ဓာတ်နည်းသွားလျှင်လည်း ဂွမ်းမွေးကို တိုစေပါ သည်။ ဂွမ်းမွေးအရှည် ညီညာမှုသည်လည်း ဝါကြိတ် စက်နှင့် သန့်စင်စက်များတွင် အပူဒဏ်လွန်ကဲစွာ ခံရသောဝါ၊ မိုးမိသောဝါ၊ မခြောက်သွေ့ဘဲ ၁၀ ရာခိုင် နှုန်းထက်ပိုသော အစိုဓာတ်များများဖြင့် သိုလှောင် ထားမိသောဝါ၊ ဝါမျိုးနှင့် စိုက်စနစ်ကြောင့် ဂွမ်းမွေး ခိုင်ခံ့မှုနည်းသော ဝါတို့သည်လည်း ဝါဂွမ်းမွေး အရှည်ညီညွတ်မှုကို အားနည်းစေပါသည်။ ထို့ကြောင့် ပထမကွင်းဆက်ဖြစ်ကြသည့် စိုက်ပျိုးသူ၊ ဝယ်ယူတင်ပို့ရောင်းချသူ၊ ဝါကြိတ်သူ၊ ဝါစေ့ကြိတ် သူတို့ ပူးပေါင်းဆောင်ရွက်မှ အရည်အသွေးကောင်း ဂွမ်း၊ မျိုးဝါစေ့၊ ဆီကြိတ်ဝါစေ့ကို ရကြမည်ဖြစ်သည်။

**စိုက်ပျိုးသည့် တောင်သူများအနေဖြင့် မျိုးစေ့အဆင့်၊ အရည်အသွေးမြင့်မားမှု၊ အပင်ပေါက်နှုန်းကောင်းမွန်မှု၊ သန်စွမ်းမှု၊ ပိုးမွှားရောဂါကင်းစင်မှုအတွက် မစိုက်ပျိုးမီ ကြိုတင်စုဆောင်းကြရမည်ဖြစ်သည်။ ပြည်ပစပ်မျိုးဝါများ စိုက်ပျိုး ကြရာတွင် ဒုတိယသားဆက်စိုက်ပျိုးခြင်းသည် အထွက်နှုန်းကျဆင်းခြင်း၊ ပိုးမွှားရောဂါဒဏ်မခံနိုင်ခြင်း၊ ဗီဇကွဲထွက်၍ အပင်၊ အသီး၊ ကိုင်းဖြာမညီခြင်း၊ ဝါဂွမ်းအရည်အသွေးဖြစ်သည့် ချည်မျှင်ရှည်မှု၊ ခိုင်ခံ့မှု၊ ချောမွေ့မှုကျဆင်း နိုင်သည့်အတွက် မစိုက်ပျိုးရန် ပညာပေးကြရပါမည်**

ဒုတိယကွင်းဆက်ဖြစ်သော ဝါဂွမ်းမှချည် ထုတ်လုပ်သူ၊ ဆေးဆိုးသူ၊ အထည်အလိပ်ရက်လုပ် သူများကလည်း အရည်အသွေးကောင်းဂွမ်းရရှိ စေရန်အတွက် ပထမကွင်းဆက်တွင် ဝင်ရောက် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ဝါဂွမ်းဝယ်ယူမှုစနစ် တွင် ပိုမိုအားကောင်းလာခြင်း၊ လုံလောက်ခြင်း အကျိုးကို ရရှိမည်ဖြစ်ပါသည်။ အထည်ချုပ်ကဏ္ဍ၏ နည်းပညာ ပိုမိုတိုးတက်စေရန်အတွက် အထည်ချုပ် ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြည်တွင်း၊ ပြည်ပသင်တန်းများ ဖွင့်လှစ် ပေးလျက်ရှိပါသည်။

စက်ကိရိယာအပိုင်းတွင်လည်း လုပ်ငန်းရှင် များအတွက် ချည်စက်၊ ချည်ခင်ဆေးဆိုးစက်များ တင်သွင်းနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက် ရှိပါသည်။ ပြည်ပဈေးကွက်ရရှိရေး၊ အွန်လိုင်း ဈေးကွက်၊ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း များ၊ ပို့ကုန်သွင်းကုန်လိုင်စင်ကိစ္စများအတွက် ဆောင်ရွက်ပေးခြင်းတို့ကြောင့် ချည်မှသည် အထည် အလိပ်၊ ပြည်တွင်းမှသည် နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်၍ မြန်မာ့ရိုးရာလက်မှု၊ စက်မှုအထည် ပစ္စည်းများကို တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် နိုင်ငံ ဝင်ငွေ ပိုမိုတိုးတက်လာစေမည် ဖြစ်ပါသည်။

ပထမကွင်းဆက်တွင် စိုက်ပျိုးသူတို့မှ မျိုးစေ့ မှန်ကန်ရေး၊ ပိုးမွှားရောဂါ စနစ်တကျကာကွယ်ရေး၊ ကောက်သိမ်းချိန်မှန်ကန်ရေးကို ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဝယ်ယူသူတို့က အရည်အသွေး ခွဲခြားစိစစ်ဝယ်ယူရေး၊ ကြိတ်ခွဲသူတို့ကလည်း စက်ပိုင်းဆိုင်ရာ စနစ်တကျ ထိန်းသိမ်းရပါမည်။ စက်၏ အစိတ်အပိုင်းများကို စနစ်တကျထိန်းသိမ်း ပါမှ ဂွမ်းမျှင်များ မပြတ်တောက်ခြင်း၊ ဝါစေ့ကွဲ၊ အရွက်ခြောက်၊ ဖုန်၊ အမှိုက်များကို ဂွမ်းမျှင်များ မပျက်စီးစေဘဲ စက်ဖြင့် သန့်စင်ခြင်းစနစ်ဖြင့် ကြိတ်ခွဲခြင်းတို့ကို ဆောင်ရွက်နိုင်ရပါမည်။

ဒုတိယကွင်းဆက်တွင်လည်း ချည်ထုတ်လုပ် သူတို့မှ ဂွမ်းမွေးအရှည်၊ ခိုင်ခံ့မှုနှင့်သန့်ရှင်းမှုကို စနစ်တကျတိုင်းတာခြင်း၊ ကျစ်အားမှန်ကန်ခြင်း၊ အထူအပါးညီညာမှုရှိစေရန် စက်ပစ္စည်းများကို ပုံမှန် စစ်ဆေးခြင်းတို့ ဆောင်ရွက်ရပါမည်။ အရည်အသွေး ကောင်း အထည်ရရှိစေရန် အထည်တွင် အကွက် များ၊ လှိုင်းထခြင်းများမဖြစ်ပေါ်စေရန် ရက်ကန်း ကြိုးတင်အား ညီညာစေရပါမည်။ ဆေးဆိုးခြင်းတွင် လည်း အရောင်မြဲမှုနှင့် အရည်အသွေးမီ ဆိုးဆေး များနှင့်နည်းပညာများကို အသုံးပြုရပါမည်။ အထည် ရက်လုပ်ပြီး စက်မှုနည်းပညာဖြင့် သေချာစွာ အချောကိုင်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရပါမည်။

**အချုပ်အားဖြင့်ဆိုရလျှင် မိမိတို့နိုင်ငံသည် ဝါ စိုက်ပျိုးထုတ်လုပ်ခြင်းများကို အောင်မြင်စွာ ဆောင် ရွက်နိုင်သည့် ရေခံမြေခံနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီး ဖြစ်ပါသည်။ ဝါစိုက်ပျိုးထုတ်လုပ် မှုမှ အထည်အလိပ်စက်မှုလုပ်ငန်းအထိ လုပ်ငန်း ကွင်းဆက်တစ်လျှောက် တစ်ပြိုင်တည်း မြှင့်တင် ဆောင်ရွက်ခြင်း၊ ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော်၊ တောင်သူများနှင့် ထုတ်လုပ်သူများ တက်ညီလက်ညီ ပူးပေါင်းဝေဆာ၊ ပြည်မြန်မာအတွက်၊ အားထုတ် ကြိုးပမ်းကြရမည့် "နိုင်ငံ့ဘဏ္ဍာ၊ မြန်မာ့ဝါ" ဖြစ်ပါ ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။**

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံး ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် အောက်တိုဘာ ၂၀** ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦးအား မြန်မာ - ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Case Officer and Interpreter Ms. Maria Alexandra G.Contreras နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၂၈၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၄၁၀၃ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၈၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၄၇၁ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၇၁၉ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု နေရာပြမြေပုံ။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ၅ ထပ်အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိမှုကို တွေ့ရစဉ်။

## ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၀** နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန်တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရား များအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံတစ်လုံးအား ယနေ့အထိ ၄၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချ ဖျက်ဆီးမည့်အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

## ရွှေတောင်မြို့နယ်၌ ဆောင်းသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအသိပညာပေးဆွေးနွေး

**ရွှေတောင် အောက်တိုဘာ ၂၀** ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မယားမာန်ကျေးရွာ လူထုအခြေပြု တောင်သူပညာပေး



ရှေ့တန်းစခန်းတွင် အောက်တိုဘာ ၁၉ရက်နံနက်ပိုင်းက ဆောင်းသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအသိပညာပေးဆွေးနွေးပွဲပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင် နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်တို့က စိုက်နည်းစနစ်မှန်ကန်စေရေး၊ ဝတ်မှုန်ကူးနိုင်ရန်အတွက် ပျားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရန်၊ သဘာဝမြေသြဇာ ဓာတ်မြေသြဇာ အချိန်ကိုက် အချိန်ကျထည့်သွင်းသုံးစွဲရေး၊ နေကြာတစ်ကွင်း တစ်စပ်တည်း သီးသန့်ဖြစ်ပေါ်စေရေးနှင့် နှမ်းစပါးရာသီတွင် ရေဆင်းပေါ်ဆန်း-၁၊ ရေဆင်းပေါ်ဆန်း -၂စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး တောင်သူများ အသုံးပြုနေသော အမိုနီယမ်ဆာလဖိတ် ဓာတ်မြေသြဇာကို သုံးစွဲရာတွင် မိမိတို့စိုက်ပျိုးမြေ၏ မြေချဉ်ငန်ကိန်း စိုက်ပျိုးသည့် သီးနှံအမျိုးအစားပေါ်မူတည်၍ ထည့်သွင်းသင့်သည့် ပမာဏကို စိုက်ပျိုးရေးပညာရှင်များနှင့် မြေဆီလွှာပညာရှင်များ၏ ထောက်ခံအကြံပြုချက်များရယူ၍ အသုံးပြုရန် လိုအပ်ကြောင်းနှင့် ဆောင်းသီးနှံ ဆီထွက်ပဲပုပ်ကို တိုးချဲ့ စိုက်ပျိုးနိုင်ရေး တောင်သူများအားအသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ် အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

## သီတင်းကျွတ်အကြို ပြည်တွင်းထုတ်မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများ ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများ ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းပေါ်ရှိ ယာယီအရောင်းဆိုင်နှင့် ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း ရန်ကင်းဈေးမှတ်တိုင်အနီးရှိ ယာယီအရောင်းဆိုင်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မြေပဲဆီ တစ်ပိဿာလျှင် ဘူးခွံပါပြီး ကျပ် ၂၈၀၀၀ ဖြင့် ရောင်းချပေးသည်။

အဆိုပါ ဆီကောင်းဆီသန့်များကို စားသုံးလိုသည့် ရန်ကုန်မြို့နေ ပြည်သူများအတွက် အသင့်ထည့်သွင်း ထုပ်ပိုးထားသည့် ဆီများအား မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဝင် FDA အသိအမှတ်ပြု စစ်ကိုင်း၊ မန္တလေး၊ မကွေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ ဆီစက်များမှ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်း ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## (၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို သွေးလှူဒါန်း

မော်လမြိုင် အောက်တိုဘာ ၂၀



မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) (ဗဟို)မှကြီးမှူး၍ပြည်နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) ၏ (၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို သွေးလှူဒါန်းပွဲကို အောက်တိုဘာ ၁၉ ရက်က အမှတ်(၅) တပ်မတော်ဆေးရုံ (ခုတင် - ၃၀၀) ၌ ကျင်းပရာ အသင်းဝင် သွေးအလှူရှင် ၃၀ သွေးလှူဒါန်းခဲ့ကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း(YMBA) (ဗဟို)ဥက္ကဋ္ဌ ဦးမြင့်အောင်သန်းနှင့် အဖွဲ့ဝင်များက သွေးလှူရှင်ရဟန်းသံဃာ အသင်းဝင်များအား ကြည့်ရှုအားပေးကာ အာဟာရဖြည့်စွက်စာများ ပေးအပ်လှူဒါန်းခဲ့ပြီး (YMBA) အသင်း (ဗဟို)မှ ဆေးရုံတက်လူနာများအတွက် အောက်ဆီဂျင်အိတ် ၁၀၀ နှင့် ဖိနပ်အရန် ၅၀ ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**ရွှေမြိုင်သူ(ပြန်/ဆက်)**

## ပြင်စလူမြို့၌ အယ်လ်နီညိုရာသီဥတုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

ပြင်စလူ အောက်တိုဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပြင်စလူမြို့၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပူပြင်းခြောက်သွေ့ကာ မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် ယနေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်မြတ်နှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ လူစည်ကားရာနေရာများ၌ မီးဘေးလုံခြုံရေး အသိပညာပေးလုပ်ငန်းများနှင့် လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဝိုင်းမော်မြို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားရေး ဆောင်ရွက်

ဝိုင်းမော် အောက်တိုဘာ ၂၀

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် အသိပညာပေးစစ်ဆေးခြင်းကို ယမန်နေ့တွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမျိုးဇော်သန့်နှင့်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ စစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေးကိစ္စရပ်များ ဟောပြောအသိပညာပေးခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို စက်သုံးဆီ ဆိုင်များရှိ ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လူနေအိမ်များအား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **အဆီး(ပြန်/ဆက်)**

## ငဖဲမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးလက်မှုပရိဘောဂ သင်တန်းဖွင့်

ငဖဲ အောက်တိုဘာ ၂၀

ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးလက်မှုပရိဘောဂသင်တန်းဖွင့်



ပွဲကို အောက်တိုဘာ ၁၉ ရက်က သီပေါ်ရွာသစ်ကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်းနှင့် တာဝန်ရှိသူများက ဝါးလက်မှု ပရိဘောဂသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးလက်မှုပရိဘောဂသင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ဆန်ကော၊ ဆန်ခါ၊ တောင်းအမျိုးမျိုး၊ ဝါးကုလားထိုင်၊ လွှာထရံ၊ ရိုင်၊ နီးချောဖျာ၊ တင်းတောင်းစသည့်ဝါးဖြင့် ရက်လုပ်သော လက်မှုပစ္စည်းပြုလုပ်နည်းများကို ကျွမ်းကျင်နည်းပြများက စာတွေ့လက်တွေ့ဖြင့် တစ်လကြာ အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အထွေး**

## “ ပြည်သူ့ကြားက ပြည်သူ့စကား ” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ **ပြည်သူ့ကြားကပြည်သူ့စကား** ” အစီအစဉ်မှ **“ကမ်ပိန်းပေါင်းများစွာ အမည်တပ်ခွက်ခေါက်ပြီး ကိုယ်ကျိုးရှာတော်လှန်ရှင်သန်ရင်း ပြည်တွင်းစစ်မီးမွှေးနေဆဲ NUG၊ PDF အကြမ်းဖက်အဖွဲ့ ”** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် **“အတူလက်တွဲဖော်ဆောင်မှရမည့် ငြိမ်းချမ်းရေးတွင် အစွန်းရောက်တစ်ဖက်ပိတ် NUG၊ PDF အဖွဲ့အစည်းအားလုံး မှန်ကန်တဲ့အသိတရားရှိရှိ ပါဝင်ဖို့လိုအပ်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တောင်ကြီးမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

တောင်ကြီး အောက်တိုဘာ ၂၀



ကုန်သွယ် လုပ်ငန်းခွန်နှင့် ပတ်သက်သော ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ရွှေညီလာခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဆွေသက်က ပြေစာပေါ်တွင် အခွန်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ရွှေညောင်မြို့ရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ရွှေဆိုင်လုပ်ငန်းရှင်များနှင့် မိုတယ်/တည်းခိုခန်း လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးက ပြန်လည် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့၌ ငါးမွေးမြူရေး အသိပညာပေး

မြစ်ကြီးနား အောက်တိုဘာ ၂၀

မြစ်ကြီးနားမြို့နယ် ပမ္မတီးကျေးရွာရှိ ငါးမွေးကန်တွင် ငါးမွေးမြူရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းကကျင်းပရာ ဝိုင်းမော်ငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးဟန်ဝင်းနိုင်နှင့် တာဝန်ရှိသူများက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ငါးမွေးမြူရေးလုပ်ငန်းတွင် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ကျေးရွာမှ ငါးမွေးတောင်သူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လူကုန်ကူးမှု လျော့နည်းပပျောက်စေရေး အသိပညာပေး

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် သက်ငယ်မုဒိမ်းမှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လူကုန်ကူးမှု လျော့နည်းပပျောက်စေရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၁၅)ရပ်ကွက် နေကြာလမ်းရှိ မဂ္ဂသစ္စာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောသီတာခင်နှင့် တာဝန်ရှိသူများက လူကုန်ကူးမှုနှင့်ပတ်သက်၍ ဥပဒေ၊ သက်ငယ်မုဒိမ်းမှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။

**ဟန်နီ(ပြန်/ဆက်)**

## မိုင်းရယ်၌ ကြားဖြတ်တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချ

မိုင်းရယ် အောက်တိုဘာ ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး လုပ်ငန်းအတွက် မြို့နယ်အတွင်းရှိစာရင်းကောက်မည့် ရပ်ကွက်၊ ကျေးရွာအုပ်စုစာရေးများ၊ စာရင်းကောက်ခံပေးနိုင်သည့် ဒေသခံပြည်သူများအား ကြားဖြတ်တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဆင့်ပွားသင်တန်းကို ယမန်နေ့က စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ရာ မိုင်းရယ်မြို့နယ်အတွင်းရှိ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄ ခုမှ ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးများနှင့် စာရင်းကောက်ခံပေးနိုင်သည့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါက်တာ ချယ်ရီအောင်သင်းက တိရစ္ဆာန်များ မွေးမြူခြင်းနှင့် မျိုးတိရစ္ဆာန် မွေးမြူထားရှိမှုများ ကောက်ယူရာတွင် ဖြည့်သွင်းရမည့် အချက်များကို အသေးစိတ် ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မအူပင်မြို့၌ ကလေးများအား ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

**မအူပင် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ အသက် ၉ လမှ ၅၉ လ အတွင်းရှိ ကလေးများအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ယမန်နေ့က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုးသက်က ကလေးများအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်း ပြောကြားသည်။



ထို့နောက် ကျန်းမာရေးဝန်ထမ်းများက အသက် ၉ လမှ ၅၉ လ အတွင်းရှိ ကလေးများအား ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အာဟာရဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများဖြစ်သော လက်မောင်းလုံးပတ်တိုင်းတာခြင်း၊ ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးရန်လိုအပ်သော ကလေးများအား တိုက်ကျွေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများရှိ ကာကွယ်ဆေးထိုးစုရပ်များတွင် အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## (၃၈) နှစ်မြောက်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၀**

နိုဝင်ဘာ ၇ ရက်နေ့တွင် ကျရောက်မည့် (၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည် အထိမ်းအမှတ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်း Multipurpose Stadium ၌ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းထွေး၊ တိုင်းဒေသကြီး ဝန်ထမ်းများနှင့် အမျိုးသားဖူဆယ် ပြိုင်ပွဲဝင်အားကစားသမား ၁၅၀ ခန့် တက်ရောက်ကြသည်။



အခမ်းအနား၌ နိုင်ငံတော်အလံအလေးပြုခြင်း၊ အားကစားအဓိဋ္ဌာန်ရွတ်ဆိုခြင်း၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးအား အားကစားသမားများမှ အလေးပြုခြင်းများ ဆောင်ရွက်၍ တာဝန်ရှိသူများက အမျိုးသားဖူဆယ် ပြိုင်ပွဲဝင်မည့် အသင်းလေးသင်းနှင့် အားကစားသမားများအား အားကစားပစ္စည်းများ ပေးအပ်ခဲ့ပြီး ဌာနခွဲ (၁/၂) အသင်းနှင့် ဝန်ကြီးရုံး အသင်း၊ ဌာနခွဲ (၃) အသင်းနှင့် ဌာနခွဲ (၄) အသင်းတို့ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အလင်းသစ်**
**(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့၌ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသော အစားအသောက်များရောင်းချနိုင်ရေး အသိပညာပေး

**ကျောင်းကုန်း အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အေးချမ်းသာယာခန်းမ၌ ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသော အစားအသောက်များရောင်းချနိုင်ရေး အသိပညာပေးသင်တန်းကို ယနေ့ နံနက် ၁၀ နာရီခွဲကကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် တာဝန်ရှိသူများက ဈေးရောင်းချခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးနှင့် ပတ်သက်၍အသိပညာပေးပို့ချပေးကြပြီး တက်ရောက်လာသော ဈေးရောင်းချသည့် ဈေးသည်များက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ဈေးသည် ၁၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## ကွန်ဟိန်း၌ အမျိုးသမီးများအတွက် သက်မွေးသင်တန်းဖွင့်

**ကွန်ဟိန်း အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၈) ကို ယမန်နေ့က ဖွင့်လှစ်ရာ ခေတ္တမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ကြိုင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဆန်း တို့က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသူဟောင်းများ၏ ကိုယ်ပိုင် ဒီဇိုင်းလက်ရာများကို ကြည့်ရှုသည်။ ယခု သင်တန်းတွင် စက်ချုပ်ဘာသာရပ်အပြင် လက်မှုဘာသာရပ်၊ ဟင်းလျာချက်ပြုတ်ခြင်းနှင့် စားသောက်ကုန် ထုတ်လုပ်ခြင်းများကို သင်ကြား ပေးလျက်ရှိပြီး သင်တန်းသူ ၃၀ အား မတ်လ ၁၉ ရက်အထိ ငါးလကြာ သင်ကြားပေးမည်ဖြစ်သည်။



**ခွန်ရဲထွေး**

**အပူဒဏ်အန္တရာယ် ကာကွယ်ရေး**

ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

### မွေးသက္ကရာဇ်အမှန်

တောင်သာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ ဦးကျော်ဆွေ၏သမီး ဒေါ်အိမွန်ကျော် ၉/တသန(နိုင်) ၁၄၃၇၀၉၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၉-၁၉၉၀ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ဝဲကလေး၊ အထက Grade-12 တန်းမှ မအိသက်မွန် ၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းအရ ဒေါ်နှင်းအေး ၁၄/မမန(နိုင်) ၁၆၅၉၃၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ ထက်မြက်ရတနာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မသက်ထားနှင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး ၁၄/ညတန(နိုင်)၀၆၈၄၉၆ ဖြစ်ပါကြောင်း။

### ပတ်စ်ပို့ပျောက်

မရှီဟွီး ၁၃/လရန (နိုင်) ၂၁၈၆၀၄ ၏ နိုင်ငံကူးလက်မှတ်နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09678537193**

### မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ဝဲကလေး၊ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော Grade -12 တန်းမှ မောင်တိုးတက်အောင်၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ နန့်မြမြမြိုင် ၁၄/မမန(နိုင်)၁၆၅၇၀၉ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ဝဲကလေး၊ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော Grade -12 တန်းမှ နန့်စုမြတ်လှိုင်၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ နန့်ကျင်လှိုင် ၁၄/မမန(နိုင်)၀၂၆၀၆၀ ဖြစ်ပါကြောင်း။

### အသိပေးကြေညာခြင်း

၁။ မူဆယ်မြို့၊ တော်ရွက်ရပ်ကွက်၊ အကွက်အမှတ်(၁၁/တော်ရွက်ရပ်)၊ ဦးပိုင်အမှတ် (၁၃-စ)၊ မြေဧရိယာ(၀.၀၄၈) ဧကရှိမြေနေရာအား မြေငှားဂရန်အမှုတွဲအမှတ် (၅၀၀/မဆ/၂၀၁၆)ဖြင့် (၁၀)နှစ် မြေငှားဂရန်ရရှိထားပြီး ဒေါ်နန်းမြတ်စုထွေးဖြင့် ရရှိထားသော မြေဧရိယာ(၀.၂၇၅)ဧကအတွင်းမှ (၀.၀၄၈)ဧကအား ဒေါ်နန်းမြတ်စုထွေး၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးစိုင်းအောင်ညွန့်ထံမှ (၃-၆-၂၀၂၆)ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်၍ ဦးစန်းထွန်းဦး (၈/ပမန(နိုင်)၁၀၇၅၅၉) နှင့် ဒေါ်ဇင်မာဝင်း(၈/ပမန(နိုင်)၁၇၂၀၈၃)တို့မှ စာချုပ်ချုပ်ဆိုဝယ်ယူထားရှိပြီး ခွဲစိတ်/အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့၊ တော်ရွက်ရပ်ကွက်၊ အကွက်အမှတ်(၁၁/တော်ရွက်ရပ်)၊ ဦးပိုင်အမှတ်(၁၃-စ)၊ မြေဧရိယာ(၀.၀၄၈) ဧကရှိ မြေကွက်ကို ဦးစန်းထွန်းဦး (၈/ပမန(နိုင်)၁၀၇၅၅၉) နှင့် ဒေါ်ဇင်မာဝင်း ၈/ပမန(နိုင်)၁၇၂၀၈၃)တို့အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း/ခွဲစိတ်လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့်ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများ ယူဆောင်၍ မူဆယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့**
**ဖုန်း-၀၈၂-၅၀၅၂၁**

### ကန့်ကွက်နိုင်ပါကြောင်း

ဝေါမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ကွင်းအမှတ်(၇၇၉-က)၊ ကျုံတူကွင်း၊ မြေကွက်အမှတ်(Aန-၃)၊မြေဧရိယာ(၀.၀၈၆)ဧကရှိ မြေအား ဝေါမြို့နယ်၊ အရှေ့ဘက်ကမ်းရပ်ကွက်နေ ဦးကျော်ဇင်ထွန်း အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)ချထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၈၉၂၅၆ ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံအောင် ၁၀/မလမ(နိုင်)၂၅၇၆၆၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/60724 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၁၄/ဟသတ(နိုင်)၂၀၄၂၈၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

